ကြံခင်းကျေးရွာ

ပင်းတယမြို့နယ်

ကျေးရွာဖွံ့ဖြိုးရေးစီမံချက် (၂၀၁၆ - ၂၀၂၀)

ပြုစုရေးဆွဲသူ

ကျေးရွာဖွံ့ဖြိုးရေးကော်မတီ

ကြံခင်းကျေးရွာ၊ ပင်းတယမြို့နယ်

(စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန၊
ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကူညီရေးဆွဲသည်)

၂၀၁၈ ခုနှစ်၊ စက်တင်ဘာလ

မာတိကာ

မာတိကာ ၁
အတိုကောက်စကားလုံးများ ၄
စကားချီး ၅
ကြိုဆိုခင်းကျေးရွာအရင်းအမြစ်ပြမြေပုံ၊ ပင်းတယမြို့နယ် ၇

အပိုင်း(က) ကျေးရွာဖွံ့ဖြိုးရေးဗျူဟာ နှင့် အစီအစဉ်
၈

(၁) နိဒါန်း - ကျေးရွာဖွံ့ဖြိုးရေးရည်ရွယ်ချက်နှင့် လွှမ်းခြုံသက်ရောက်မှု
၈
(က) ရည်ရွယ်ချက်နှင့်ကျိုးကြောင်းဖော်ပြချက်
(ခ) စီမံကိန်း၏ လွှမ်းခြုံသက်ရောက်မှု

(၂) ကျေးရွာ၏ ပထဝီဝင် အနေအထားနှင့် သဘာဝအရင်းအမြစ်များ
၁၀
(က) တည်နေရာ၊ ရာသီဥတုနှင့် မြေမျက်နှာသွင်ပြင် အနေအထား
(ခ) သဘာဝအရင်းအမြစ်များ

(၃) ကျေးရွာ၏ လူမှုဖွံ့ဖြိုးတိုးတက်ရေး အခြေအနေ ၁၀
(က) လူဦးရေဆိုင်ရာ အချက်လက်များ
(ခ) စီးပွားရေးအခြေအနေ - ဝင်ငွေ၊ ပိုင်ဆိုင်မှုနှင့် မမျှတမှု
(ဂ) ဆင်းရဲနွမ်းပါးမှုနှင့် ထိခိုက်နစ်နာလွယ်မှု
(ဃ) ကျန်းမာရေး နှင့် အာဟာရ
(င) ပညာရေးနှင့်ကျွမ်းကျင်မှုများ
(စ) ကျားမဆိုင်ရာဆက်နွယ်မှု

(၄) ကဏ္ဍအသီးသီး၏လက်ရှိ ဖွံ့ဖြိုးတိုးတက်မှု အခြေအနေ ၁၃
(က) ဖွံ့ဖြိုးရေးဆိုင်ရာ စီမံအုပ်ချုပ်မှုစနစ်
(ခ) သီးနှံ၊ သားငါး ထုတ်လုပ်ရေးကဏ္ဍ
(ဂ) စိုက်ပျိုး မွေးမြူရေးမဟုတ်သော အသက်မွေးဝမ်းကျောင်းလုပ်ငန်းများ
(ဃ) ပတ်ဝန်းကျင်နှင့် သဘာဝအရင်းအမြစ်များဆိုင်ရာစီမံခန့်ခွဲမှု
(င) ဘဏ်နှင့်ငွေကြေးဆိုင်ရာ ဝန်ဆောင်မှု
(စ) ပညာရေး၊ ကျန်းမာရေး၊ ရေနှင့်ပတ်ဝန်းကျင်သန့်ရှင်းရေး
(ဆ) လူငယ်နှင့် ယဉ်ကျေးမှု
(ဇ) အခြေခံအဆောက်အဦများအားလက်လှမ်းမီမှု - လမ်းတံတား၊ လျှပ်စစ်စွမ်းအား၊ သတင်းနှင့်ဆက်သွယ်ရေး
(ဈ) တည်ငြိမ်အေးချမ်းမှုနှင့် ပြည်သူ့လုံခြုံရေး

(၅) ကျေးရွာဖွံ့ဖြိုးတိုးတက်မှုကို အထောက်အပံ့ဖြစ်စေသော အခြေအနေကောင်းများ၊ အဟန့်အတားများနှင့် ကျော်လွှားရမည့် စိန်ခေါ်မှုများ ၁၈
(က) ဖွံ့ဖြိုးတိုးတက်မှုကို အထောက်အပံ့ဖြစ်စေသော အခြေအနေကောင်းများ

(ခ) အဟန့်အတားများနှင့် ကျော်လွှားရမည့် စိန်ခေါ်မှုများ

(၆) ကျေးရွာဖွံ့ဖြိုးရေး ပန်းတိုင်နှင့် ဗျူဟာ ၂၀

(၇) ကျေးရွာဖွံ့ဖြိုးတိုးတက်မှု ကိစ္စရပ်များ နှင့် ဗဟိုအဆင့် မူဝါဒများ အကြား အစီအစဉ် ကျသော ချိတ်ဆက်မှုများ ၂၁

(၈) ဦးစားပေးစီမံချက်များနှင့် အကောင်အထည်ဖော် ဆောင်ရွက်မည့် အချိန်ကာလ ၂၃

(က) နှစ်ပတ်လည် ကျေးရွာဖွံ့ဖြိုးရေး အစီအစဉ်

(ခ) ကဏ္ဍ နှင့် ရင်းနှီးမြှုပ်နှံမှုကိုအခြေခံ၍ စီမံချက်အုပ်စုသတ်မှတ်ခြင်း

(ဂ) ဦးစားပေး စီမံချက်များ

(ဃ) အကောင်အထည်ဖော်မည့် အချိန်ကာလ

(၉) ဘတ်ဂျက်နှင့် ငွေကြေးဆိုင်ရာ အစီအစဉ် ၂၈

(၁၀) ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများ အကောင်အထည်ဖော်မည့် နည်းလမ်းနှင့်အစီအစဉ်များ ၂၉

(က) ကျေးရွာဖွံ့ဖြိုးရေးကော်မတီ၏ အခန်းကဏ္ဍ

(ခ) ဖွံ့ဖြိုးရေး မိတ်ဖက် အဖွဲ့အစည်းများ

(ဂ) ကန်ထရိုက်နှင့် ဝန်ဆောင်မှုပေးသည့် အဖွဲ့အစည်းများ

(ဃ) ကျေးရွာ၏ ဖွံ့ဖြိုးရေးလုပ်ငန်းများလည်ပတ်ရန် နှင့် ပြုပြင်ထိန်းသိမ်းရန် အတွက် အဖွဲ့အစည်းဆိုင်ရာ နှင့် ငွေကြေးဆိုင်ရာ အစီအစဉ်များ

(၁၁) စီမံကိန်း ကြီးကြပ်စစ်ဆေးခြင်းနှင့်အကဲဖြတ်သုံးသပ်ခြင်း ၃၀

(က) ကြီးကြပ်စစ်ဆေးခြင်း

(ခ) နှစ်ပတ်လည် ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်း ဆောင်ရွက်ပြီးစီးမှု အကဲဖြတ်ခြင်း

(ဂ) နည်းပညာဆိုင်ရာ အကူအညီ

နောက်ဆက်တွဲ

နောက်ဆက်တွဲ (၁) စီမံကိန်း ဇယားများ ၃၃

(၁) လူမှုစီးပွားရေး အခြေအနေ

ဇယား ၁လူဦးရေ နှင့် လူဦးရေဆိုင်ရာ အချက်အလက်များ

ဇယား ၂ လုပ်သား အင်အား နှင့် ဝင်ငွေရ လုပ်ငန်း အမျိုးအစား

ဇယား ၃ လုပ်ငန်းနှင့် ကျား၊ မအလိုက် အနည်းဆုံးနှင့် အများဆုံး လုပ်အားခနှုန်းထား

ဇယား ၄ ကျေးရွာ၏ စိုက်ပျိုးမြေပိုင်ဆိုင်မှု

ဇယား ၅ ဓာတ်သတ္တုနှင့် အခြားသဘာဝ အရင်းအမြစ်များ

ဇယား ၆ ဥစ္စာဓနအဆင့် အခြေအနေ

ဇယား ၇ ချေးငှားခြင်းမရှိဘဲ တစ်နေ့လျှင် အနည်းဆုံး နှစ်နပ်စားနိုင်သည့် အိမ်ထောင်စုများ

ဇယား ၈ ကူညီစောင့်ရှောက်မှုအထူးလိုအပ်သော အုပ်စုများ၏ထိခိုက်လွယ်မှုအခြေအနေ

ဇယား ၉ ကျေးရွာ၏ ထိခိုက်သက်ရောက်လွယ်မှု အခြေအနေ

ဇယား ၁၀ ထိခိုက်သက်ရောက်မှုခံရနိုင်သည့်သူများ

(၂) ကဏ္ဍအသီးသီး၏ လက်ရှိ ဖွံ့ဖြိုးရေး အခြေအနေ

ဇယား ၁၁ ကျေးရွာတွင်းရှိ လူထုအခြေပြု အဖွဲ့အစည်းများ

ဇယား ၁၂ ကျေးရွာဖွံ့ဖြိုးရေးဆောင်ရွက်နေသော ပြင်ပအဖွဲ့အစည်းများ
ဇယား ၁၃ ကျေးရွာ၏ စိုက်ပျိုးမြေပိုင်ဆိုင်မှု၊မြေယာပိုင်ဆိုင်သည့် အိမ်ထောင်စု
ဇယား ၁၄ ကျေးရွာ၏ ရေအရင်းအမြစ် နှင့် ရေသွင်းဧရိယာ
ဇယား ၁၅ အဓိကသီးနှံများနှင့် အထွက်နှုန်း
ဇယား ၁၆ ကျေးရွာ၏ စိုက်ပျိုးရေးသုံး ကိရိယာများ ပိုင်ဆိုင်မှု
ဇယား ၁၇ သီးနှံထုတ်လုပ်မှု တိုးစေရန်အတွက် အခွင့်အလမ်းများ
ဇယား ၁၈ သီးနှံထုတ်လုပ်မှုအတွက် ပြဿနာနှင့် စိန်ခေါ်မှုများ
ဇယား ၁၉ မွေးမြူရေးနှင့်ငါးလုပ်ငန်းဆောင်ရွက်မှုအခြေအနေ
ဇယား ၂၀ မွေးမြူရေးကဏ္ဍ ထုတ်လုပ်မှုတိုးတက်စေရန်အတွက် အခွင့်အလမ်းများ
ဇယား ၂၁ မွေးမြူရေးနှင့် သားငါးထုတ်လုပ်မှုအတွက် ပြဿနာနှင့် စိန်ခေါ်မှုများ
ဇယား ၂၂ စိုက်ပျိုးမွေးမြူရေးမဟုတ်သော အသက်မွေးလုပ်ငန်းများ
ဇယား ၂၃-က စိုက်ပျိုးမွေးမြူရေးမဟုတ်သော စီးပွားရေးလုပ်ငန်းများအတွက် အခွင့်အလမ်းများ
ဇယား ၂၃-ခ စိုက်ပျိုးမွေးမြူရေးမဟုတ်သော စီးပွားရေးလုပ်ငန်းများအတွက် ပြဿနာနှင့်အခက်အခဲများ
ဇယား ၂၄ ရွှေပြောင်းသွားလာမှု ဖြစ်ပေါ်လာပုံ၊ ပုံစံနှင့် အချိန်ကာလ
ဇယား ၂၅ ရွှေပြောင်းသွားလာရခြင်း၏ အဓိက အကြောင်းရင်း
ဇယား ၂၆ ရွှေပြောင်းလုပ်ကိုင်သူများမှပြန်ပို့ငွေ
ဇယား ၂၇ ကုန်စည်နှင့် ဝန်ဆောင်မှု၊ ဈေးကွက်လက်လှမ်းမီမှု အခြေအနေ
ဇယား ၂၈ ငွေကြေးလက်လှမ်းမီမှုနှင့် ဘဏ်လုပ်ငန်း
ဇယား ၂၉ သဘာဝပတ်ဝန်းကျင်နှင့် သဘာဝရင်းမြစ် စီမံခန့်ခွဲမှုအတွက်လက်ရှိအလေ့အကျင့်နှင့် အခက်အခဲများ
ဇယား ၃၀ မူလတန်း၊ အလယ်တန်း၊ အထက်တန်းနှင့် တက္ကသိုလ်အဆင့် စာတတ်မြောက်မှုနှုန်း
ဇယား ၃၁ ကျောင်းတက်နှုန်း
ဇယား ၃၂ စာသင်ကျောင်းဆောင် အခြေအနေနှင့် ဝန်ဆောင်မှုများ
ဇယား ၃၃ ပညာရေး အခက်အခဲနှင့် ပြဿနာများ
ဇယား ၃၄ အဖြစ်များသော ရောဂါများ
ဇယား ၃၅ လွန်ခဲ့သော (၁၂) လအတွင်း ကာကွယ်ဆေးထိုးနှံမှုနှင့် အာဟာရဆန်းစစ်မှု
ဇယား ၃၆ ကျန်းမာရေး အထောက်အပံ့နှင့် ဝန်ဆောင်မှုများ
ဇယား ၃၇ သောက်သုံးရေရရှိနိုင်မှု
ဇယား ၃၈ အိမ်သာ အမျိုးအစား
ဇယား ၃၉ ကျား-မ ကိစ္စရပ်ဆိုင်ရာ
ဇယား ၄၀ ကျေးရွာ၏ လမ်းတည်ရှိမှုအခြေအနေ
ဇယား ၄၁ ကျေးရွာ၏ တံတားတည်ရှိမှုအခြေအနေ
ဇယား ၄၂ ရေကြောင်း သယ်ယူပို့ဆောင်ရေး
ဇယား ၄၃ သယ်ယူပို့ဆောင်ရေးယာဉ်များ
ဇယား ၄၄ လျှပ်စစ်မီးရရှိမှု အခြေအနေ

ဇယား ၄၅ ဆက်သွယ်ရေး နှင့် သတင်းအချက်အလက်နည်းပညာ အခြေအနေ
ဇယား ၄၆ ယဉ်ကျေးမှုနှင့်လူငယ်ဖွံ့ဖြိုးရေး အခြေအနေ
ဇယား ၄၇ ဘေးကင်းလုံခြုံရေး၊ ဝန်ဆောင်မှု အထောက်အကူများအား လက်လှမ်းမှီမှု
ဇယား ၄၈ မှုခင်းဖြစ်ပွားမှု အခြေအနေ

နောက်ဆက်တွဲ (၂) ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးကို အထောက်အပံ့ဖြစ်စေမည့် အခြေအနေကောင်းများ၊ အဟန့်အတားနှင့်ရင်ဆိုင်ကျော်လွှားရမည့် စိန်ခေါ်မှုများ ၆၇

ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးကို အထောက်အပံ့ဖြစ်စေသော အခြေအနေကောင်းများ
ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးအတွက် အဟန့်အတားနှင့်ရင်ဆိုင်ကျော်လွှားရမည့် စိန်ခေါ်မှုများ

နောက်ဆက်တွဲ (၃)ကျေးရွာ ဖွံ့ဖြိုးရေးကွင်းဆက် (ပြဿနာ ဆန်းစစ်ခြင်းမှ ဖြေရှင်းနည်း အထိ) ၆၉

ကိုးကားစာရင်း ၇၄

အတိုကောက်စကားလုံးများ

AIDS	ခုခံအားကျဆင်းမှုရောဂါ
DRD	ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန
HIV	ခုခံအားကျဆင်းမှုရောဂါဖြစ်စေသောဗိုင်းရပ်စ်
MADB	မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်
MEB	မြန်မာ့စီးပွားရေးဘဏ်
MMK	မြန်မာကျပ်
MoALI	စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန
NGO	အစိုးရမဟုတ်သောအဖွဲ့အစည်း
PRA	ကျေးရွာအခြေအနေကိုရွာသူရွာသားများကိုယ်တိုင်ဆန်းစစ်အကဲဖြတ်ခြင်း
SLRD	ကြေးတိုင်နှင့် မြေစာရင်းဦးစီးဌာန
STD	လိင်မှတဆင့်ကူးစက်တတ်သောရောဂါများ
PTA	မိဘဆရာအသင်း
TB	တီဘီရောဂါ
VDG	ကျေးရွာဖွံ့ဖြိုးရေးအဖွဲ့

စကားချီး

ဤကျေးရွာဖွံ့ဖြိုးရေးစီမံချက်သည် ၂၀၁၅/၁၆ ဘဏ္ဍာရေးနှစ်မှ ၂၀၁၉/၂၀ ခုနှစ် အထိ (၅)နှစ်ကြာ အကောင်အထည်ဖော်ဆောင်ရွက်မည့် ကျွန်ုပ်တို့ ကျေးရွာ၏ ပထမဦးဆုံးသော လူအများပါဝင် ရေးဆွဲထားသည့် ကျေးရွာဖွံ့ဖြိုးရေးစီမံချက် ဖြစ်ပါသည်။ ကနဦးအနေဖြင့် စီမံချက်ဖြစ်မြောက်ရေးအတွက် လိုအပ်သော နည်းပညာများ ပံ့ပိုးပေးသော စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင် ဝန်ကြီးဌာန၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနအား အထူးပင်ကျေးဇူးတင်ရှိပါသည်။ အရေးကြီးသော အချက်အလက်များနှင့် အကြံဉာဏ်များကို တက်တက်ကြွကြွ ပံ့ပိုးပေးသော ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးနှင့် သက်ဆိုင်ရာဝန်ထမ်းများကိုလည်း ကျေးဇူးတင် ရှိပါသည်။

ကျွန်ုပ်တို့ကျေးရွာတွင် ကျွန်ုပ်တို့ကိုယ်တိုင်ရပ်ရွာလုပ်ငန်းများကို စီစဉ်ချမှတ် ဆောင်ရွက်ခဲ့ကြသော်လည်း လူထုအများ စနစ်တကျပူးပေါင်းပါဝင်ဆောင်ရွက်သည့်နည်းလမ်းများနှင့် လုပ်ထုံးလုပ်နည်းများကို မသိခဲ့ကြပါ။ လူထုကိုယ်တိုင် စနစ်တကျ ပူးပေါင်းဆောင်ရွက်နည်းကိုအသုံးပြု၍ ကျွန်ုပ်တို့အချင်းချင်းတိုင်ပင်ဆွေးနွေးညှိနှိုင်း အဖြေရှာကြရာတွင် ကူညီပံ့ပိုးပေးသည့် အစီအစဉ်ရေးဆွဲရေးကျွမ်းကျင်သူအဖွဲ့တစ်ဖွဲ့ကို မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ စီစဉ်ဆောင်ရွက်ပေးပါသည်။ ဤလုပ်ငန်းစဉ်ကြောင့် ကျွန်ုပ်တို့သည် ကျေးရွာဖွံ့ဖြိုးရေး အစီအစဉ်ရေးဆွဲရာတွင် ကိန်းဂဏန်းနှင့် သတင်းအချက်အလက်တို့၏ အရေးပါမှုကို သိရှိရုံသာမက ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံးကဲ့သို့သော ကိန်းဂဏန်းအချက်အလက်ရရှိနိုင်သော နေရာများမှလည်း ကောက်ယူရရှိခဲ့ပါသည်။ ထို့ပြင်ထပ်မံလိုအပ်သော ကိန်းဂဏန်း ၊ အချက်အလက်များနှင့် နည်းပညာပံ့ပိုးမှုတို့ကို မြို့နယ်အဆင့် ဌာနဆိုင်ရာများမှ ရယူရန်လိုအပ်ကြောင်းကိုလည်း ကောင်းစွာသိရှိခဲ့ပါ သည်။

ယခုရေးဆွဲထားသောအစီအစဉ်ကိုထပ်မံရရှိသည့်ကိန်းဂဏန်းအချက်အလက်များ ထပ်ဖြည့်ပေးခြင်းဖြင့် ပိုမိုကောင်းလာမည်မှာသေချာပါသည်။ ဤလုပ်ငန်းသည် ဆက်လက်လုပ်ဆောင်ရမည့် လုပ်ငန်းဖြစ်ပြီး လုပ်ငန်းဆောင်ရွက်နေမှုတစ်ဝက်ခန့်အရောက်တွင် လုပ်ငန်းတိုးတက်မှု၊ ပေါ်ပေါက်လာသည့် အခက်အခဲများနှင့် ဦးစားပေး ရွေးချယ်မှုများနှင့် လုပ်ငန်းအစီအစဉ်များကို မူဘောင်အတွင်း ပြုပြင်ပြောင်းလဲမှုများ ဆက်လက်လုပ် ဆောင်သွားရပါမည်။

ဤဖွံ့ဖြိုးရေးအစီအစဉ်တွင် ဖော်ပြပါရှိသော ဦးစားပေးလုပ်ငန်းများ စုစည်းဆောင်ရွက်နိုင်ရန်အတွက် ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူး၊ ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနတို့၏ ဆက်လက်ပံ့ပိုးမှုများရရှိနိုင်မည်ဟု ကျွန်ုပ်တို့ မျှော်လင့်ပါသည်။ ဆက်လက်၍ နောင်တွင်လည်း ကျွန်ုပ်တို့၏ဖွံ့ဖြိုးရေးဆိုင်ရာ အားထုတ်မှု အခြေအနေများကို ဆန်းစစ်သုံးသပ်ရန်နှင့် အကဲဖြတ်ရန်အတွက် ပံ့ပိုးကူညီမှုများ ရရှိနိုင်မည်ဖြစ်ပါကြောင်း ယုံကြည်ပါသည်။

ဤအစီအစဉ်တွင်အပိုင်း(၂)ပိုင်းပါရှိပါသည်။ အပိုင်း(က)တွင် ဖွံ့ဖြိုးရေးဗျူဟာနှင့် လုပ်ငန်းအစီအစဉ် တို့ပါဝင်ပါသည်။ အကောင်အထည်ဖော်မည့်ဗျူဟာ၊ ဦးစားပေးလုပ်ငန်း အစီအစဉ်များ၊ ဘတ်ဂျက်နှင့်ငွေကြေးဆိုင်ရာရရှိနိုင်မည့် လမ်းကြောင်းနှင့် လုပ်ငန်းဆောင်ရွက်မှု အဆင့်ဆင့်တို့ကို အဓိကဖော်ပြထားပါသည်။ အပိုင်း(ခ)သည် စီမံကိန်းဆိုင်ရာ အချက်အလက်၊ အကြောင်းအရာများဖြစ်ပြီး အဆိုပြုစီမံကိန်း လုပ်ငန်းများ၏အသေးစိတ်အချက်အလက်များပါဝင်ပါသည်။

စက်တင်ဘာ၊ ၂၀၁၆

ကျေးရွာဖွံ့ဖြိုးရေးအဖွဲ့
ကြံခင်းကျေးရွာ
ပင်းတယမြို့နယ်

ကြံခင်း ကျေးရွာ အရင်းအမြစ်ပြမြေပုံ၊ ပင်းတယမြို့နယ်

အပိုင်း(က) ကျေးရွာဖွံ့ဖြိုးရေး ဗျူဟာ နှင့် လုပ်ငန်းအစီအစဉ်

၁ နိဒါန်း

၁.၁ ရည်ရွယ်ချက်

ဤကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်သည် အစိုးရဌာနများ၊ ပြည်တွင်း/ပြည်ပအဖွဲ့အစည်းများ၏ နိုင်ငံအတွင်းဆောင်ရွက်ခဲ့ပြီးသောဖွံ့ဖြိုးရေးလုပ်ငန်းအတွေ့အကြုံများကိုလေ့လာသုံးသပ်ပြီးတစ်နိုင်ငံလုံးကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းများရေးဆွဲအကောင်ထည်ဖော်မည့်အစီအစဉ်သစ်ဖြစ်ကြောင်းသိရှိရပါသည်။

ကျွန်ုပ်တို့၏
ပထမဦးဆုံးသောကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်ကိုနိုင်ငံတော်၏အကူအညီဖြင့်ရေးဆွဲရာတွင် ကျေးရွာလူကိုယ်တိုင်တက်ကြွစွာပါဝင်၍ရေးဆွဲခဲ့ပါသည်။
ယခင်ကဖွံ့ဖြိုးရေးအစီအစဉ်ရေးဆွဲရေးအတွေ့အကြုံမရှိခဲ့ပါ။ဤအစီအစဉ် ရေးဆွဲပြီးနောက် ကျေးရွာ၏ ဖွံ့ဖြိုးဆိုင်ရာကိန်းဂဏန်း၊ သတင်းအချက်အလက်များပြုစုရန် အရေးကြီးပုံကိုအလေးထားမိလာကြပါသည်။ ထို့အပြင် ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးရုံး၊ ဌာနဆိုင်ရာများစသည်တို့ထံမှ လိုအပ်သောကိန်းဂဏန်း၊ သတင်းအချက်အလက်များရယူရန်နှင့် ကျွန်ုပ်တို့၏ ကျေးရွာစီမံကိန်းအကောင်ထည်ဖော်ရန် လိုအပ်သောနည်းပညာများရရှိရန် အရေးကြီးကြောင်းကိုပါ သတိပြုမိပါသည်။

ဤအစီအစဉ်တွင်ကျေးရွာ၏ လက်ရှိလူမှုစီးပွားရေးနှင့် ဖွံ့ဖြိုးရေးအခြေအနေများ၊ ကြုံတွေ့နေရသော ပြဿနာများ၊ ထိုပြဿနာများဖြစ်ရသည့်အရင်းခံအချက်များ၊ ဖွံ့ဖြိုးရေးကိုအပံ့အပိုးဖြစ်စေသောအချက်များနှင့် အဟန့်အတားဖြစ်စေသောအချက်များ၊ (၅)နှစ်တာကာလအပြီးတွင်ရရှိအောင်ဆောင်ရွက်လိုသည့်ရည်မှန်းချက်များ၊
ထိုရည်မှန်းချက်များရရှိရန် ကျွန်ုပ်တို့ ကျေးရွာအနေနှင့်ဆောင်ရွက်မည့် နည်းဗျူဟာများ၊စီမံချက်များကိုရှင်းရှင်းလင်းလင်းဖော်ပြထားပါသည်။ ထို့ပြင် ဦးစားပေးလုပ်ငန်းများလုပ်ဆောင်ရန် လိုအပ်သောအရာများနှင့် ငွေကြေးရရှိနိုင်မည့်လမ်းကြောင်းများကိုလည်းဖော်ပြထားပါသည်။

ကျွန်ုပ်တို့၏ ဖွံ့ဖြိုးရေးမိတ်ဖက်များဖြစ်သောအစိုးရဌာနများ၊ အစိုးရမဟုတ်သောအဖွဲ့အစည်းများ၊ အရပ်ဖက်လူမှုရေးအဖွဲ့အစည်းများ၊ ပုဂ္ဂလိကကဏ္ဍ၊ ဘဏ်များ၊ စာပေပညာရှင်များ၊ သတင်းနှင့်ပြည်သူ့ဆက်သွယ်ရေးအဖွဲ့အစည်းများ၏ အာရုံစိုက်မှုကိုရစေပြီးကျေးရွာဖွံ့ဖြိုးရေးနှင့်ပတ်သက်သူမှန်သမျှတို့သည်ဤအစီအစဉ်မှတ်တမ်း၏ အသုံးဝင်မှုများကိုသိရှိစေရန်မျှော်လင့်ပါသည်။

အစိုးရနှင့် အခြားအဖွဲ့အစည်များအတွက် အသုံးဝင်မှု

ကျွန်ုပ်တို့၏ကျေးရွာအဆင့်အားထုတ်မှုများအတွက်မူဝါဒနှင့်ဖွံ့ဖြိုးရေးဆိုင်ရာအကူအညီများကိုစုစည်းဆောင်ရွက်ပေးနိုင်ရန် ဤဖွံ့ဖြိုးရေးစီမံချက်ကိုမြို့နယ်အဆင့်၊ ပြည်နယ်နှင့်တိုင်းအဆင့်၊ ပြည်ထောင်စုအဆင့် အစိုးရအဖွဲ့အစည်းများအားတင်ပြမည်ဖြစ်ပါသည်။

ပုဂ္ဂလိကကဏ္ဍအဖွဲ့များအတွက် အသုံးဝင်မှုများအနေဖြင့် ကျေးရွာလူထု၏ လိုလားချက်နှင့် ၎င်းတို့၏ စီးပွားရေးဆိုင်ရာဝန်ဆောင်မှုများချိတ်ဆက်မှုဖွံ့ဖြိုးလာစေရန် ဗဟုဟာမြောက်ဆောင်ရွက်လာနိုင်မည် ဖြစ်သည်။

အစိုးရမဟုတ်သောအဖွဲ့အစည်းများ (NGOs) ၊ အရပ်ဖက်လူမှုအဖွဲ့အစည်းများ (CSOs) နှင့် အလှူရှင်အဖွဲ့အစည်းများသည်ကျေးရွာလူထု၏ အမှန်တကယ် လိုအပ်ချက်များနှင့် ဦးစားပေးဆောင်ရွက်ရမည့်လုပ်ငန်းများအားပိုမိုသိရှိလာနိုင်မည် ဖြစ်သည်။

ဘဏ်လုပ်ငန်းရှင်များနှင့် အသေးစားချေးငွေလုပ်ငန်းရှင်များအနေဖြင့် ကျေးလက်ဒေသရှိငွေကြေးဆိုင်ရာလိုအပ်ချက်များအတွက် သတင်းအချက်အလက်များပိုမိုသိရှိလာနိုင်မည် ဖြစ်သည်။

နည်းပညာအထောက်အပံ့ပေးမည့် အဖွဲ့အစည်းများနှင့် တက္ကသိုလ်များအနေဖြင့် ကျွန်တော်တို့ ကျေးရွာနှင့် ကျေးလက်လူထု၏ တိကျသောလိုအပ်ချက်များအားသိရှိလာခြင်းကြောင့် ကျွန်တော်တို့ ကျေးရွာနှင့်ဆိုင်သော ၎င်းတို့၏သုတေသနလုပ်ငန်းများကိုစီစဉ်ဆောင်ရွက်လာနိုင်မည်ဖြစ်သည်။

မီဒီယာများ၊ပြန်ကြားဆက်သွယ်ရေးနှင့်ပြည်သူ့အရေးရပ်တည်မှုပေးသည့်အဖွဲ့အစည်းများအနေဖြင့်ယုံကြည်ရလောက်သည့် သတင်းအချက်အလက် များကိုရရှိနိုင်မည်။

နိုင်ငံတကာဖွံ့ဖြိုးရေးမိတ်ဖက်များဖြစ်သည့် ကုလသမဂ္ဂအဖွဲ့အစည်းများ၊နိုင်ငံတကာငွေကြေးဆိုင်ရာအဖွဲ့အစည်းများ (ကမ္ဘာ့ဘဏ်၊ အာရှဖွံ့ဖြိုးရေးဘဏ်)၊ နိုင်ငံတကာအစိုးရမဟုတ်သောအဖွဲ့အစည်းများနှင့် အလှူရှင်အဖွဲ့အစည်းများအနေဖြင့် ၎င်းတို့အချင်းချင်းပေါင်းစည်းဆောင်ရွက်မှုပိုမိုကောင်းမွန်စေပြီးကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်များကိုပြုနယ်အဆင့်တွင် ပေါင်းစပ်ညှိနှိုင်းစီစဉ်မှုများပြုလာနိုင်ပါမည်။

၁.၂ စီမံကိန်း၏လွှမ်းခြုံသက်ရောက်မှု

ယခင်ကဖွံ့ဖြိုးရေးအစီအစဉ်ရေးဆွဲရာတွင် အချိန်ကာလတစ်ခုအတွင်း ကျွန်ုပ်တို့ကိုယ်တိုင် တတ်နိုင်သောငွေကြေး၊ အစိုးရနှင့် အခြားအဖွဲ့အစည်းများထံမှ ရနိုင်မည့် အကူအညီများကိုအခြေခံကာဦးစားပေးစီမံကိန်းများချမှတ်ခဲ့ပါသည်။ ယခုအခါ ယင်းသို့မဟုတ်ဘဲကျယ်ပြန့်သည့် ဖွံ့ဖြိုးရေးအမြင်ဖြင့် ရေးဆွဲထားပါ သည်။

လူထုဦးဆောင်ပါဝင်သည့် လုပ်ကိုင်နည်းဖြစ်သောကြောင့် လူတိုင်းပါဝင်ခွင့် ရရှိပြီးအမြင်ရှင်းလင်းမှုရစေကာဖွံ့ဖြိုးမှုဖြစ်စဉ်တွင် လူထုကိုအဓိကနေရာတွင် ထားရှိခြင်းဖြစ်ပါသည်။ ဤသို့ဖြင့် လုပ်ငန်းများကိုလူထုပါဝင်၍ စုစည်းခြင်း၊ ဦးစားပေးရွေးချယ်ဆောင်ရွက်ခြင်းအားဖြင့် ကျေးရွာလူထု၏ ဖွံ့ဖြိုးမှုကိုတိတိကျကျ ပံ့ပိုးပေးရာရောက်ပါသည်။

ကျွန်ုပ်တို့၏ ဖွံ့ဖြိုးရေးအစီအစဉ်ကိုအကောင်အထည်ဖော်ရာတွင် ပစ္စည်းအခက်အခဲ၊ ငွေကြေးအခက်အခဲ၊ နည်းပညာအခက်အခဲများရှိနိုင်ပါသည်။ သို့ဖြစ်၍ လက်တွေ့

အကောင်အထည်ဖော်ရာတွင် ကျွန်ုပ်တို့ ကျေးရွာဖွံ့ဖြိုးရေးလိုအပ်ချက်များအားအများဆုံးနှင့် အထိရောက်ဆုံးဖြည့်ဆည်းနိုင်မည့်စီမံကိန်းများကိုဦးစားပေးရွေးချယ်ဆောင်ရွက်ပါမည်။
ကျွန်ုပ်တို့၏စွမ်းရည်နှင့် လိုအပ်သောအရင်းအနှီးများပြည့်စုံမှုပေါ်မူတည်၍ နောင်တွင် တဖြည်းဖြည်းတိုးချဲ့ဆောင်ရွက်သွားမည့် အစီအစဉ်မျိုးဖြစ်ပါသည်။

၂။ ပထဝီအနေအထားနှင့် သဘာဝသယံဇာတအရင်းအမြစ်များ

(က)တည်နေရာ၊ရာသီဥတုနှင့်မြေမျက်နှာသွင်ပြင်အနေအထား

ကျွန်ုပ်တို့ကျေးရွာတွင် ကျွဲ၊နွားများမှာ ကျွဲချေး၊နွားချေးများရှိသောကြောင့် မြေဆီဩဇာ အခြေအနေမှာ အလယ်အလတ်မှာရှိပါသည်။ အပင်မျိုးစိတ်များ အနေဖြင့်လည်း တစ်ဦးနှင့်တစ်ဦးသို့ပေးကမ်းကြသောကြောင့် အသင့်အတင့်ရှိပါသည်။ ပျက်ပိုးနှင့် ရောဂါကာကွယ်မှုမှာသည် တစ်ခါတစ်ရံမှာ ဖြစ်သောကြောင့် ထိန်းချုပ်မှုမပြုလုပ်ပါကြောင်း၊ အချို့နေရာဒေသများမှာ ရေသွင်း၍ ရနိုင်သောကြောင့် ရေရင်မြစ်များမှာ အလယ်အလတ်ရရှိပါသည်။ အခြားတိရစ္ဆာန်မျိုးကွဲများနှင့် စွန်ပစ်ပစ္စည်းစီမံခန့်ခွဲမှုများ အလွန်ပင်နိမ့်နေပါကြောင့် လေ့လာတွေ့ရှိရပါသည်။

(ခ) သဘာဝအရင်းအမြစ်

ကျွန်ုပ်တို့ကျေးရွာ၏ စိုက်ပျိုးမြေပိုင်ဆိုင်မှု အပိုင်းကို လေ့လာခြင်းအားဖြင့် ကျေးရွာတွင် မြေယာမဲ့အိမ်ထောင်စုများမတွေ့ရှိရပါသည်။
၂.၅ဧကအောက်အိမ်ထောင်စုများများ(၈)အိမ်ထောင်စု၂.၅ဧကမှ၅ဧကအောက် အိမ်ထောင်စု(၂၇)စု ၅ဧကမှ ၁၂ဧကကြားဧအိမ်ထောင်စုနှင့် ၁၂ဧက အထက်အိမ်ထောင်စု(၄)စုအိမ်ထောင်စုရှိကြောင်းတွေ့ရပါသည်။ မြေယာအချို့ ပိုင်ဆိုင်သော်လည်း မျိုးစေ့နှင့်မြေဩဇာများအတွက် ငွေကြေးမလုံလောက်သောကြောင်း စိုက်ပျိုးနိုင်ရန် အခက်အခဲရှိနေပါကြောင်း တင်ပြအပ်ပါသည်။ အိမ်ထောင်စု ရာခိုင်နှုန်း ၁၀၀%မှာ ၈၅%ရာခိုင်နှုန်းသည် အဆိုပါအခက်အခဲနှင့် ကြုံတွေ့နေရပါကြောင်း လေ့လာတွေ့ရှိရပါသည်။

ကျွန်ုပ်တို့ကျေးရွာတွင် ကိုယ်ထူကိုယ်ထတည်ဆောက်ထားသော ဆည်ငယ်နှစ်ခုသာရှိပါသည်။ ကျေးရွာ၏ အခြားရေရင်းမြစ်ရရှိမှု အနည်းငယ်သာရှိသောကြောင့် ရွာသူ၊ရွာသားများအခက်အခဲရှိနေပါကြောင်း တွေ့ရပါသည်။

၃။ ကျေးရွာလူမှုဖွံ့ဖြိုးတိုးတက်ရေးအခြေအနေ

(က)လူဦးရေဆိုင်ရာအချက်အလက်များ

ကျွန်ုပ်တို့သည် အိမ်ထောင်စုအတွင်း လူဦးရေကောက်ယူမှု အရ(၅)နှစ်အောက် နို့စို့ကလေး(၈)ယောက် ၊ (၁)နှစ်(၅)နှစ်ကလေး(၁၂)ယောက်၊၅နှစ်မှ၉နှစ်အထိ မူလတန်းကလေး(၁၈)ယောက်၊ ၉နှစ်အထက်မှ ၁၅နှစ်အောက်အလယ်တန်းကျောင်းသားအရွယ်(၃၁)ယောက်၊၁၅နှစ်မှ၆၀နှစ်အထိလုပ်ငန်းနိုင်သည့်(၁၃၂)ယောက်၊ ၆၀နှစ်အထက် သက်ကြီး ရွယ်အို(၄)ယောက် စုစုပေါင်းလူဦး ေ၇(၂၀၅)တွေ့ရှိရပါသည်။

(ခ) စီးပွားရေးအခြေအနေ - ဝင်ငွေ၊ ပိုင်ဆိုင်မှုနှင့် မမျှတမှု

ကျွန်ုပ်တို့၏ ကျေးရွာတွင် အလုပ်လုပ်နိုင်သူ အင်အား၊ လုပ်သားအင်အားနှင့် ဝင်ငွေရလုပ်ငန်းအမျိုးအစားကို လေ့လာရာတွင် ကိုယ်ပိုင်စိုက်ပျိုးရေးလုပ်ကိုင်သူ ၊ အိမ်ထောင်စု၊ မိသားစုဝင် ငွေလုပ်အား၊ မိသားစုဝင်လုပ်အား ၊ ကျပန်းအလုပ်သမား၊တိရစ္ဆာန်မွေးမြူရေး၊ ပန်းရံလုပ်ငန်းကုန်စုံဆိုင်သော၊ အုပ်ချုပ်ရေး၊ ကာကွယ်ရေး၊ ကျန်းမာရေးတွင် (အရံသားဖွား) လူမျုရေးလုပ်ငန်းများကို အနည်းငယ်သာရှိ၍ ဖော်ပြထားပါသည်။ အခြားလုပ်ငန်းတွင်လုပ်ကိုင်ခြင်း မရှိကြောင်း လေ့လာတွေ့ရှိရပါသည်။

ကျွန်ုပ်တို့၏ ကျေးရွာ၏စိုက်ပျိုးရေး အတွက်သုံးသော စက်ကိရိယာများမျာ အိမ်ထောင်စု(၁၃)စုမှာ အိမ်ထောင်စု(၁)စုလျှင် လက်တွန်းထွန်စက်(၁)စီးသာလျှင် ပိုင်ဆိုင်ကြရပါသည်. ကျန်ရှိနေသော အိမ်ထောင်စု(၃၅) အိမ်ထောင်စုမှာ စိုက်ပျိုးရေးအတွက်အခက်အခဲရှိနေကြောင်း တွေ့ရှိရပါသည်။

(ဂ) ဆင်းရဲနွမ်းပါးမှုနှင့် ထိခိုက်လွယ်မှု

ကျွန်ုပ်တို့ကျေးရွာတွင် ဓာတ်သတ္တုနှင့် အခြားသဘာဝအရင်အမြစ်များကို လေ့လာလျှင် ကာဗွန်(ဓာတ်ငွေ့၊ရေနံ၊ ဓာတ်ငွေ့)သဘာဝတိရစ္ဆာန်မျိုးစိတ်များ ရရှိနိုင်မှု မှာ မရှိနိုင်၊ ကမ်းလှမ်မှုလည်း မမီနိုင်ကြောင်တွေ့ရှိရပါသည်။ သဘာဝအပင်မျိုးစိတ်များ အနေဖြင့် နွားစာများသာရရှိနိုင်ပါသည်။ နွားစာများကို အလွယ်တကူအသင့်တင့်ရရှိနိုင်ပါသည်။

ဥစ္စာဓန အဆင်အခြေအနေကို လေ့လာကြည့်လျှင် အဆင်ပြေသော အိမ်ထောင်စုမှ ၄စု၊ အိမ် အခြေအနေမှာ၂ထပ်၊လုပ်ငန်းသုံးကိရိယာ ပိုင်ဆိုင်မှုမှာ လက်တွန်းထွန်စက်နှင့် ထော်လာကျီး၊ထုတ်လုပ်မှုနှင့် မဆိုင်သော ပိုင်ဆိုင်မှုမှာ ဆိုင်ကယ်ဖြစ်ကြောင်း၊ အလယ်အလတ်ရှိသော အိမ်ထောင်စုမှာ မြေယာပိုင်ဆိုင်မှုရှိသော အိမ်ထောင်စု(၉)စုဖြစ်ပြီး အိမ် အခြေအနေမှာ ၁ထပ်၊ လုပ်ငန်းသုံးစက်ကိရိယာမှာ လက်တွန်းထွန်စက်၊ ကုန်ထုတ်လုပ်မှုနှင့်ဆိုင်သော ပိုင်ဆိုင်မှုမှာ ဆိုင်ကယ်ဖြစ်သော ဆင်းရဲသော အိမ်ထောင်စု၂၇စုဖြစ်ပြီး အိမ်အခြေအနေမှာ သွပ်မိုး၊ ထရံကာ၊ လုပ်ငန်းသုံးကိရိယာ ပိုင်ဆိုင်မှုနွားဖြင့် ထယ်ခြင်း၊ ကုန်ထုတ်လုပ်မှုနှင့် မဆိုင်သော ပိုင်ဆိုင်မှုမှာနွားဖြစ်ကြောင်း အလွန်ဆင်းရဲသောအိမ်ထောင်စုမှာ ၈စုရှိပြီး အိမ် အခြေနေမှာသက်ကယ်မိုး၊ထရံကာ၊လုပ်ငန်းသုံးကိရိယာ၊ ပိုင်ဆိုင်မှုနှင့်ကုန်ထုတ်လုပ်မှုနှင့်

မဆိုင်သော ပိုင်ဆိုင်မှုများမျာ လူ့လုပ်အားဖြစ်ပါသည်။ အဆင်ပြေသော အိမ်ထောင်စု၊ အလယ်အလတ်ရှိသော အိမ်ထောင်စုနှင့်ဆင်းရဲသော အိမ်ထောင်စုများမှာ စိုက်ပျိုးရေးကို အဓိကစိုက်ပျိုးလုပ်ကိုင်စားသောက်ကြပါသည်။ အလွန်ဆင်းရဲသော အိမ်ထောင်စု၊ အလယ်အလတ်ရှိသော အိမ်ထောင်စုနှင့်ဆင်းရဲသော အိမ်ထောင်စုများမျာ စိုက်ပျိုးရေးကို အဓိကစိုက်ပျိုးလုပ်ကိုင်စားသောက်ကြပါသည်။ အလွန်ဆင်းရဲသော အိမ်ထောင်စုများမှာ ချေးငှားပြီး စားသောက်ကြရပါသည်။

ကျွန်ုပ်ရွာတွင်ရှိသော အိမ်ထောင်စု စုစုပေါင်းမှာ ၄၈အိမ်ရှိပါသည်။ ဥစ္စာဓန ပိုင်ဆိုင်မှုအဆင်(၃)မှာ အိမ်ထောင်စုအများစုမျာ ချေးငှားပြီး စားသောက်ကြရပါသည်။ လုပ်အားခကို ကြိုတင်ယူပြီးစားသောက်ကြရပါသည်။ အစားအသောက်များကို့လျော့စားခြင်းမရှိဘဲ ပုံမှန် အတိုင်းစားသောက်ကြရပါသည်။ အဆင်(၃)က ဖလမှာ၂လအတွင်း စားနပ်ရိက္ခာဖူလုံကြပါသည်။ ကျန်ရှိသော အိမ်ထောင်စုများမှာစားနပ်ရိက္ခာ အလွန်အခက်အခဲရှိနေပါကြောင်းလေ့လာတွေ့ရှိရပါသည်။

ကျေးရွာ၏ ကူညီစောင့်ရှောက်မှု အထူးလိုအပ်သော အုပ်စုများ ထိခိုက်လွယ်မှု အခြေအနေကို လေ့လာကြည့်လျှင် မိသားစုစောင့်ရှောက်မှု အထူးလိုအပ်သော အုပ်စုများ၏ ထိခိုက်လွယ်မှု အခြေအနေကို လေ့လာကြည့်လျှင် မိသားစုစောင့်ရှောက်မှုမရှိသောသက်ကြီးရွယ်အို့နှင့်မသန်စွမ်းပုဂ္ဂိုလ်များမရှိကြောင်း တွေ့ရပြီး ၊ အခြာဒေသသို့သွားရောက်နေထိုင်လုပ်ကိုင်နေကြသည်။ ဆင်းရဲသည့် အိမ်ထောင်စုမှာ ၁၈အိမ်ရှိပါသည်။ ကျန်နေသည့် မိသားစုဝင်များမှာ လုပ်အားခကိုအားကို ပြိး နေထိုင်စားသောက်ကြရပါကြောင်းတွေ့ရပါသည်။

ကျေးရွာ၏ ကူညီစောင့်ရှောက်မှု အထူးလိုအပ်သော အုပ်စုများ၏ ထိခိုက်လွယ်မှု အခြေအနေကို လေ့လာကြည့်လျှင်စာနပ်ရိက္ခာမဖူလုံမှု ၊ သဘာဝအရင်းအမြစ်ရှားပါးမှု၊ရေကြီးခြင်း၊ မိုးခေါင်ခြင်း၊ မုန်တိုင်း၊ငှက်ဖျား၊ တိရစ္ဆာန်ကူးစက်ရောဂါနှင့်လမ်းပန်းဆက်သွယ်ရေးတို့မျာ အလယ်အလတ်တွင်ရှိနေပါသည်။

ကျွန်ုပ်တို့ကျေးရွာ၏ ထိခိုက်သက်ရောက်မှု ခံရနိုင်သည့်သူများကိုလေ့လာကြည့်လျှင် မြေယာမဲ့ ဆင်းရဲတောင်သူနှင့် ရွှေ့ပြောင်းလုပ်သားများမှာ အနည်းငယ်သာရှိ၍ အလယ်အလတ်တွင်ရှိနေကြပါသည်။ ကျန်ရှိနေသော ကဏ္ဍာများသည် အနိမ့်ဆုံးအဆင့်တွင် ရှိနေကြောင်း လေ့လာတွေ့ရှိရပါသည်။

(ဃ) ကျန်းမာရေးနှင့် အာဟာရ

ကျွန်ုပ်တို့ကျေးရွာ၏ စာသင်ကျောင်းအခြေအနေမှာ မူလတန်းကျောင်းသာလျှင်ရှိပါသည်။ ကျောင်းမှာ ကျေးရွာအတွင်းသားလျှင်ဂ့ိုပါသည်။ ထို့ကြောင့် ကလေးများသည်

ခြေလျင်သာသွားကြရပါသည်. စာသင်ကျောင်းအရွယ်အစာနှင့် အရည်အသွေးမှာ ဖော်ပြထားသည့် အတိုင်းဖြစ်ပါသည်။ ကျောင်းသုံးပရိဘောဂမှာ အသင့်အတင့်ရှိပါသည်။ အိမ်သာများကို ညအိပ်ခေါ်ထားသော ညစဉ်အာဟာရတိုက်ကျွေးပြီး ကျန်ရှိနေသော ကလေးများကိုမကျွေးနိုင်ကြောင်းတွေ့ရပါသည်။ မူလတန်းအောင်သော ကလေးများသည် ယခုချိန်တွင် ၂မိုင်ခန့်တေးသော အထက်တန်းကျောင်းသို့ဆိုင်ကယ်၊အချို့မှာ (အကြို၊ အပို့ကျောင်းမှာ ဖြင့်သွားရောက်ပညာသင်ကြားရပါကြောင်းလေ့လာတွေ့ရှိရပါသည်။

ကျွန်ုပ်တို့ကျေးရွာတွင် အဖြစ်များသော ရောဂါများကိုလေ့လာကြည့်ပါက ဝမ်းပျက်ဝမ်းလျော့၊သွေးလွန်တုပ်ကွေး၊ ငှက်ဖျား၊ အသက်ရှူလမ်းကြောင်း ကူးစက်ရောဂါတစ်ခါတစ်ရံ (ရာသီအလိုက်)ဖြစ်တတ်သော ကြောင့် အနိမ့်ဆုံးအဆင့်တွင်ရှိပါသည်။ လိုင်မှတဆင့်ကူးစက်တတ်သောရောဂါများမှာ မရှိကြောင်းသိရပါသည်။ တီဘီ၊ ဆီးချို၊ သွေးတိုးစသည့် ရောဂါများမှာ မရှိကြောင်း တွေ့ရှိရပါသည်။

(ဇ) ပညာရေးနှင့် ကျွမ်းကျင်မှုများ

ကျွန်ုပ်တို့ကျေးရွာ၏ စိုက်ပျိုးရေးမွေးမြူရေးမဟုတ်သော အသက်မွေးဝမ်းကျောင်းပြုသူများကို လေ့လာကြည့်လျှင်ဆောက်လုပ်ရေး၊လက်သမားနှင့်ပန်းရံသမားများအဖွဲ့(၂)ဖွဲ့ရှိပါသည်။ မိသားစုဝင်ငွေလုပ်အားအနေဖြင့် တစ်အိမ်တွင်တစ်ဦးသာလုပ်ကိုင်ကြပါသည်။ ၎င်းအဖွဲ့ဝင်များသည် ကျေးရွာတွင်နှင့် အခြားကျေးရွာရှိ အိမ်များဆောက်လုပ်ရာတွင် သွားရောက်ဆောက်လုပ်ပေးကြပါသည်။ လက်လီလက်ကားရောင်းသူအနေဖြင့် သွားရောက်ဆောက်လုပ်ပေးကြပါသည်။ လက်လီ-လက်ကားရောင်းသူ အနေဖြင့် ကျေးရွာတွင်းတွင် ကုန်စုံဆိုင် (သေး)တစ်ဆိုင်သာရှိပါသည်။ ပို့ဆောင်ရေး အနေဖြင့် စိုက်ပျိုးရေး မှာထွက်သော ထွန်ကုန်များကို အခြားသို့ပို့ဆောင်ကြရပါသည်။ ငွေချေးခြင်းလုပ်ငန်းအနေဖြင့် အဖွဲ့အစည်းတစ်ခုစာသင်ကျောင်းအတွက်ထုတ်ချေးထားပေးသော ချေးငွေတစ်ခုရှိပါသည်။ ၎င်းကိုရွာများသို့အတိုးနှုန်းမြင့်ပြန်လည် ထုတ်ချေးပေးကြပါသည်။ ကျွန်ုပ်တို့ကျေးရွာတွင် ငွေကြေးအခက်အခဲကြောင် ကျောင်းနေသူဦးရေနည်းသဖြင့် ပညာရေးဖြင့် အသက်မွေးဝမ်းကျောင်းပြုသူမရှိကြောင်းတွေ့ရှိရပါသည်။ ကျန်းမာရေးအခြေအနေဖြင့်လည်း အရံသာဖွဦးတစ်ဦးသာလျှင်ရှိပါကြောင်း ကိုလည်း မှတ်တမ်းတင်အပ်ပါသည်။

ကျွန်ုပ်တို့ကျေးရွာတွင် ပညာရေးနှင့် စာတတ်မြောက်မှုနှုန်းကိုလေ့လာကြည့်လျှင်စာမတတ်သူဦးရေ(၆၂)ယောက်ရှိကြောင်း၊ ဘုန်းကြီးကျောင်းသင်ပညာရေးမှာ (၄၂)ယောက်၊မူလတန်းပညာရေးမပြီးဆုံးသူဦးရေ(၅၂) မူလတန်းပညာရေးပြီးဆုံးသူဦးရေ(၂၉)ဦး၊အလယ်တန်းပညာရေးပြီးဆုံးသူဦးရေ(၁၆)ဦးတို့ရှိကြပါသည်။ အထက်တန်း၊ပညာရေးပြီးဆုံးသူဦးရေမှာ ၄ဦးရှိပြီး ၎င်း(၄)ဦးအနက် ၂ဦးသည် အဝေးသင်တတိယနှစ်ဖြစ်ပြီး(၁)ဦးပထမနှစ်နှင့် ကျန်တစ်ဦးဒုတိယနှစ်ဖြစ်ပါသည်။

တက္ကသိုလ်ပညာဖြင့် ပြီးဆုံးသူတစ်ဦးမှာ မိန်းကလေးတစ်ဦးသာရှိပါသည်။ ကျွန်ုပ်တို့ကျေးရွာသည် ပညာရေးတွင် ဆင်းရဲနွမ်းပါးသောကြောင့် အလွန်ပင်နိမ့်ကျနေပါကြောင်းနှင့် အထက်တန်းအောင်မြင်သူနှင့်တက္ကသိုလ်ပညာပြီးဆုံးသူတို့မှာ လည်းဆင်းရဲနွမ်းပါးသည့်ကြားမှာ ကြိုးစားနေခဲ့ရကြောင်း လေ့လာတွေ့ရှိရပါသည်.

ကျွန်ုပ်တို့ကျေးရွာ၏ ကျောင်းတက်နှုန်းများ အထက်ပါဇယားအတိုင်းအတိုင်းကျောင်းတက်နေကြောင်းလေ့လာတွေ့ရှိရပါသည်။
ဆင်းရဲနွမ်းပါးသော အိမ်ထောင်စုများမှာ ကလေးငယ်များသည် ကျောင်းနေထိုင်ခွင့်မရနိုင်ကြောင်း နှင့်မိဘများအနေဖြင့်လည်း စားဝတ်နေရေး အခက်အခဲကြောင့် မထားပေးနိုင်ကြောင်းကိုလည်း လေ့လာတွေ့ရှိရပါသည်။

(စ) ကျားမဆိုင်ရာဆက်နွယ်မှု

ကျွန်ုပ်တို့ကျေးရွာတွင်ကျား-မရေးရာဆိုင်ရာကို လေ့လာကြည့်လျှင် အမျိုးသားနှင့်အမျိုးသမီးများသည်အလုပ်တာဝန်နှင့်မည်သည်ကိစ္စမဆို တာဝန်ပေးသည့် အလျောက်လုပ်ဆောင်ကြ ၊ဆောင်ရွက်ကြပါသည်။ ကျေးရွာစီမံကိန်းခန့်ခွဲမှုတွင်လည်း အမျိုးသမီးများသည် အမျိုးသားများ၏ ပါဝင်ဆောင်ရွက်မှုနှင့်အတူလိုက်ပါဆောင်ရွက်ကြပါသည်။ တာဝန်ပေးလျှင်လည်း ဦးဆောင်ပြီး ဆောင်ရွက်ကြပါသည်။ ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းတွင်လည်း အမျိုးသားများနှင့် တန်းတူပါဝင်လုပ်ဆောင်ကြပါသည်။ မည့်သည် ကာလမျှ ကျွန်ုပ်တို့ကျေးရွာတွင် မိန်းကလေးနှင့်အမျိုးသမီးများကို အကြမ်းဖက်ခြင်းမရှိကြောင်းကို လည်း လေ့လာတွေ့ရှိရပါသည်။ ကျေးရွာတွင် လူထုအခြေပြုအ ဖွဲ့အစည်းများကို လေ့လာကြည့်လျှင် ရပ်မိရပ်ဖများ အားလုံးဖွဲ့စည်းထားသော အဖွဲ့အစည်းများသည် ရပ်ရွာ၏ ဖွံ့ဖြိုးတိုးတက်ဖို့အတွက် တိုင်ပင်ညှိနှိုင်းရန် ဖွဲ့စည်းထားပါသည်။ အမျိုးသားအဖွဲ့အနေဖြင့် ကျေးရွာတွင်နှင့် အခြားရပ်ရွာများ၏ လူမှုရေးကိစ္စ(ပွဲလမ်းသဘင်)စသဖြင့် အဓိကသွားရောက်ကူညီရန်ဖွဲ့စည်းထားပါသည်။ အဆိုပါအဖွဲ့အစည်းများကို တစ်လတစ်ကြိမ်အစည်းအဝေးခေါ်လေ့ရှိပါသည်။ အစည်းအဝေးတက်ရောက်သူများမှာ အသင့်အတင့်ရှိကြောင်းတွေ့ရကြောင်းနှင့် ကျွန်ုပ်တို့၏ ကျေးရွာသည် ညီညွတ်လျက်ရှိကြောင်းတွေ့ရပါသည်။

၄။ကဏ္ဍအသီးသီး၏လက်ရှိဖွံ့ဖြိုးမှုအခြေအနေများ

(က) ဖွံ့ဖြိုးရေးဆိုင်ရာစီမံအုပ်ချုပ်မှု

ကျွန်ုပ်တို့သည် ကျေးရွာတွင် ကျေးရွာဖွံ့ဖြိုးရေးဆောင်ရွက်နေသော ပြင်ပအဖွဲ့အစည်းများမရှိကြောင်း တင်ပြအပ်ပါသည်။
ကျေးရွာဖွံ့ဖြိုးရေးအတွက်ဆောင်ရွက်ပေးနိုင်သော အဖွဲ့အစည်းများလွန်စွာ လိုအပ်နေကြောင်

တင်ပြအပ်ပါသည်။ ရပ်မိရပ်ဖများနှင့် အိမ်ထောင်ဦးစီး၊ အမျိုးသမီး/သားတို့စုပေါင်း၍ ဆောင်ရွက်လျက်ရှိပါသည်။ သို့ဖြစ်၍ ရပ်ရွာတွင် ဆင်းရဲနွမ်းပါးသူများပြားသောကြောင့် ပန်းတိုင်သို့ ရောက်နိုင်ကြောင်းလည်း တင်ပြအပ်ပါသည်။

ကျွန်ုပ်တို့ကျေးရွာတွင်စိုက်ပျိုးသည့် မြေယာဧကသည် (၉၅) တောင်ဘာစိုက်ပျိုးမြေဧက(၃၀၀)ရှိပါသည်။ သို့ဖြစ်၍ ပုံစံခွဲ(၇)ရရှိရန် လိုအပ်ကြောင်း ၊ မြေဆီလွှာအသင့်အတင့်ရှိပါသည်။

ကျွန်ုပ်တို့ ကျေးရွာတွင် အဓိကစိုက်ပျိုးသော သီးနှံများမှာ စပါး၊ ပြောင်း၊ ပဲစင်းငုံတို့ဖြစ်ပါသည်။ စပါးအထွက်နှုန်းမှာ အချို့အိမ်ထောင်စုများမှာ အသင့်အတင့်သာရရှိပြီး အိမ်ထောင်စု အချို့များမှာ အနည်းငယ်သာရရှိပါသည်။ ပြောင်းစိုက်ပျိုးခြင်းမှာ တောင်ယာများတွင်စိုက်ပျိုးကြပါသည်။ ပဲစင်းငုံ၊ပန်းနှမ်း၊ မြေပဲ၊ နေကြာများကိုလည်း အနည်းငယ်စိုက်ပျိုးကြပါသည်။ အထွက်နှုန်းမှာလည်း အသင့်အတင့်ရှိပါသည်။ ဆင်းရဲသော အိမ်ထောင်စုများပြား၍ စိုက်ပျိုးမှုနည်းသောကြောင် အဓိကစိုက်ပျိုးသီးနှံများနှင့် အထွက်နှုန်းမှာ အနည်းငယ်သာ ရရှိနိုင်ပါသောကြောင့် တွေ့ရပါသည်။

ကျေးရွာ၏ မွေးမြူရေးမှာခိုင်းနွား၊နို့စားနွား၊ကျွဲ၊ဝက်၊ ကြက်များကို အနည်ငယ်မွေးမြူကြပါသည်။ ငါးလုပ်ငန်းများကို မလုပ်ကိုင်ကြပါ။ ခိုင်းနွားနှင့် ကျွဲများစိုက်ပျိုးရေးတွင် လယ်ခင်း၊ ယာခင်းထွန်ရန် အတွက်အဓိက ထားမွေးမြူကြရပါသည်။

ကျေးရွာတွင်စိုက်ပျိုး မွေးမြူရေးမဟုတ်သော အသက်မွေးလုပ်ငန်းများအတွက် အခွင့်အလမ်းမှာ အလွန်ပင်နည်းနေပါသည်။ အခွင့်အလမ်းရရှိမည့်ဆိုပါက အမျိုးသမီးများအတွက်စက်ချုပ်နိုင်သည့် အခွင့်အလမ်း၊ စက်ချုပ်သင်တန်းများကို လိုချင်ပါကြောင်းနှင့် အမျိုးသားများအတွက် လယ်သမား၊ ပန်းရံလုပ်ငန်းလုပ်ကိုင်ခိုင်ရန်အတွက် ဆောက်လုပ်ရန် အတွက်ဆောက်လုပ်ရေးကိရိယာလိုအပ်ပါကြောင်းတင်ပြအပ်ပါသည်။ ဤကဲ့သို့သော အခွင့်အလမ်းများရရှိနိုင်ပါက ကျေးရွာတွင်ရှိ အိမ်ထောင်စုများ စားဝတ်နေရေးဖူလုံနိုင်မည့် ဖြစ်ပါကြောင်း တင်ပြအပ်ပါသည်။

(ခ) သီးနှံ၊ သားငါး ထုတ်လုပ်ရေးကဏ္ဍ

ကျွန်ုပ်တို့ ကျေးရွာတွင် သီးနှံထုတ်လုပ်မှု တိုးစေရန်အတွက် အခွင့်အလမ်းများကို လေ့လာကြည့်လျှင် စိုက်ပျိုးမြေနှင့် မြေဆီလွှာဇာများတို့ ဝယ်ယူမှသာလျှင် ရှိနိုင်ပါသည်။ ရေရရှိနိုင်မှု ရင်မြစ်များလည်း အနည်းငယ်သာရှိပါသည်။ သဘာဝ မြေဆွေးအနေဖြင့် ကျွဲချေး၊ နွားချေးများသာရရှိနိုင်ခြင်းပြီး ၊ အော်ဂဲနစ်မြေဩဇာ၊ အော်ဂဲနစ်ဓာတုများမှာ ရရှိနိုင်ကြပေ။ ပိုးသတ်ဆေးများကို စိုက်ပျိုးရေးဆေးဆိုင်မှာ ဝယ်ယူမှသာ ရရှိနိုင်ပါသည်။ ချေးငွေနှင့် ငွေကြေးဝန်းဆောင်မှု အနည်းဖြင့် စိုက်ပျိုးရေးကာလတွင် စိုက်ပျိုးရေးဘဏ်မှ ငွေများကို အနည်းငယ်သာချေယူကြရပါသည်။ နည်းပညာပိုင်ဆိုင်ရာအနေဖြင့် အခြားအဖွဲ့အစည်းမှာ အသိပညာအနည်ငယ်သာရရှိပါသည်။ စိုက်ပျိုးရေးမှ ရရှိသော သွင်းအားစုတင်သွင်းသည့်

ဈေးကွက်မှာလည်း အလွန်ပင်းနည်း၍ ထုတ်လုပ်မှုဈေးကွက်နှင့် ကုန်သွယ်မှုများလည်း အနည်းငယ်သာရရှိပါသည်။

စိုက်ပျိုးမြေတိုးချဲ့နိုင်မှုမှာ အနည်းငယ်သာရရှိပါသည်။ မြေဆီဩဇာ ကို ဝယ်ယူမှသာရရှိနိုင်ပါသည်။ သီးနှံထုတ်လုပ်မှု အတွက် ငွေကြေးရရှိနိုင်မှုမှာ မရှိသလောက်ဖြစ်ပါသည်။ စိုက်ပျိုးရေးဘဏ်မှ ထုတ်ချေးပေးသော ချေးငွေမှ သာရှိပါသည်။ စိုက်ပျိုးရေးသွင်းအားစု အချိန်မီရရှိနိုင်မှု အခြေအနေနည်းနေပါသည်။ စိုက်ပျိုးရေးလုပ်ကိုင်ရာတွင် ကျွမ်းကျင်သူဦးရေနည်းနေပါသည်။ အိမ်ထောင်စုများသည် စိုက်ပျိုးရေးမလုံလောက်မှုများပါသည်။ ဖျက်ပိုးနှင့်ရောဂါ ဈေးကွက်လက်လှမ်မီမှု၊နည်းပညာ၊အကူအညီးနှင့် နည်းလမ်းများမှာ အနည်းငယ်သာရှိပါကြောင်း၊ ဆင်းရဲသော အိမ်ထောင်စုများပြားမှုနှင့် ငွေကြေးမပြည့်စုံစိုက်ပျိုးရေးနှင့်သီးနှံ ထုတ်လုပ်အထွက်ပြဿနာများစွာကြုံတွေ့ရပါသည်။

မွေးမြူရေးကဏ္ဍာမှာ စာကျမြေများနည်းနေပါသည်။ အဘယ်ကြောင့်ဆိုသော် မြေယာများကို ရာသီအလိုက်စိုက်ပျိုးစာသောက်နေရသောကြောင့် ဖြစ်ပါသည်။ ရေများကိုလည်း အသင့်အတင့်ရရှိနိုင်ပါသည်။ အဓိက မွေးမြူသော တိရစ္ဆာန်များမှာ ခိုင်းစရာကျွဲ၊ နွားများသာ အဓိကမွေးမြူကြပါသည်။ ကြက်၊ ဝက်များကို စာသုံးရန်အတွက်နှင့် အလှူပွဲအတွက် အနည်းငယ်သာ မွေးမြူကြရပါသည်။ စီးပွားရေးအဖြစ် မွေးမြူရေးကဏ္ဍာမရှိကြောင်း တွေ့ရှိရပါသည်။

မွေးမြူရေးကဏ္ဍာမလုပ်ကိုင်ခြင်းမှာ အဓိကအားဖြင့် ငွေကြေးမပြည့်စုံခြင်းနှင့် နည်းပညာ အကူအညီနှင့်နည်းလမ်းများမရှိသောကြောင့် ဖြစ်ပါသည်။ လက်ရှိမွေးမြူထားသော တိရစ္ဆာန်အနည်းငယ်များသည် ကူးစက်ရောဂါဖြစ်ပွားမှု မှာ စိုက်ပျိုးရေးကိုသာ လုပ်ကိုင်စားသောက်ကြရပါသည်။

(ငါ) ဘဏ်နှင့်ငွေကြေးဆိုင်ရာ ဝန်ဆောင်မှု

ကျွန်ုပ်တို့ ကျေးရွာ၏ ငွေကြေးလက်လှမ်မီမှုနှင့်ဘဏ်လုပ်ငန်းကို လေ့လာကြည့်လျှင်ရွာသူရွာသားများသည် စားဝတ်နေရေးအတွက်သော်လည်း စိုက်ပျိုးရေးအတွက်သော်လည်းကောင်း လိုအပ်သော ငွေများကို အစိုးရဘဏ်(သို့) ချေးငှားကြရပါသည်။ ငွေကြေးဝန်းဆောင်မှု ပြန်လည်ပေးဆပ်ရသော ကာလနှင့် အတိုးနှုန်း၊ အပေါင်းခံပစ္စည်းလိုအပ်မှု၊ ချေးငွေ ရရန်၊ အခက်အခဲများမှာ ရှိပါသည်။ အချို့သာ အိမ်ထောင်စုများသည် မိတ်ဆွေနှင့် ဆွေးမျိုးထံမှ(၅)ကျပ်တိုးဖြင့်(၁၂)လအတွက်ပေးဆပ်ရပါသည်။ မိတ်ဆွေနှင့် ဆွေမျိုးများသည်လည်း ယုံကြည်မှုဖြင့် ချေးငှားပေးကြကြောင်း တွေ့ရပါသည်။

(စ) ပညာရေး၊ ကျန်းမာရေး၊ ရေနှင့်ပတ်ဝန်းကျင်သန့်ရှင်းရေး

ကျွန်ုပ်တို့၏ ကျန်းမာရေး အထောက်အပံ့ဝန်းဆောင်မှုများကို လေ့လာကြည့်ရာ ကျွန်ုပ်တို့ကျေးရွာတွင် အရံသာဖွာတစ်ယောက်ရှိပါသည်။ ကျေးလက်ကျန်းမာရေးဌာန(ခွဲ) သည်

မိုင်လီကျေးရွာတွင်ရှိ အကွာအဝေး(၂)မိုင်ခန့်ရှိပါသည်။ တိုက်နယ်ဆေးရုံမှာ မိုင်အင်ကျေးရွာရှိင အကွာအတေ(၁၆)မိုင်ခန့်ရှိသည်။ ဝန်ဆောင်မှု အနေဖြင့် ကျေးရွာတွင်းရှိ လူနာများအခက်အခဲရှိပါက ဆေးရုံမှ ကာဖြင့် လာရောက်ခေါ်ဆောင်ပေးပါကြောင်း လေ့လာတွေ့ရှိရပါသည်။

(ဆ)လူငယ်နှင့် ယဉ်ကျေးမှု

ကျွန်ုပ်တို့ကျေးရွာ၏ ယဉ်ကျေးမှု နှင့် လူငယ်ဖွံ့ဖြိုးရေး အခြေအနေကို လေ့လာကြည့်လျှင်ကျေးရွာအတွင်းရှိ လူငယ်များသည် စိုက်ပျိုးရေးကို အဓိကလုပ်ကိုင်နေရသောကြောင့် အပန်းဖြေသည့် နေရာကို အချိန်းမပေးနိုင်သောကြောင့်၊ အပန်းဖြေနေရာ အနေဖြင့် မရှိနိုင်ကြောင်း အလှမ်းဝေးကြောင့် လူငယ်များသည် လူမှုရေးလုပ်ငန်းနှင့်ဘာသာရေးလုပ်ငန်းများတွင်လည်း အဓိကပါဝင်ဆောင်ရွက်ကြပါသည်။ အာကစားပစ္စည်းအနေဖြင့် လူငယ်များကစားစရာ ဘော့လုံကွင်တစ်ကွင်သာရှိကြောင်း ဖွံ့ဖြိုးရေးလုပ်ငန်းတွင် ပါဝင်လုပ်ဆောင်နေကြောင်း ကျွန်ုပ်တို့ ကျေးရွာသည် ဓနုတိုင်းရင်းသာ ဖြစ်သောကြောင့် ဓနုရိုးရာယဉ်ကျေးမှုအပြင်၊ မြန်မာ့ ယဉ်ကျေးမှုကိုလည်း ထိန်းသိမ်းကြောင်း၊ ကျွန်ုပ်တို့ ကျေးရွာတွင် စာကြည့်တိုက်မရှိကြောင်း၊ လူငယ်များသာလျှင်အင်တာနက်လိုင်များနှင့်ချိတ်ဆက်နိုင်ကြောင်း လေ့လာတွေ့ရှိရပါသည်။

(ဇ) အခြေခံ အဆောက်အဦး - လမ်းတံတား၊ လျှပ်စစ်စွမ်းအား၊ သတင်းနှင့် ဆက်သွယ်ရေး

ကျွန်ုပ်တို့ကျေရွာ၏ လမ်းနည်ရှိမှုမှာ ရွာတွင်းလမ်းနှင့် ချဉ်းကပ်လမ်းမှာ အဆင့်(၃) အခြေအနေ(မြေလမ်း)ဖြစ်ပြီး ရွာချင်းဆက်လမ်းမှာ အဆင့်(၃) ကတ္တရာလမ်းဖြစ်ပါသည်။ ရွာချင်ဆက်လမ်းကို (၂၀၁၄) ခုနှစ်တွင် တည်ဆောက်ခဲ့ပါသည်။ ရွာတွင်လမ်းနှင့်ချဉ်းကပ်လမ်းတို့သည် မိုးရာသီအချိန်တွင် သွားလာရာခက်ခဲပြီး ပွင့်လင်းရာသီတွင် သွားဖို့ရန် အသင့်အတင့်ရှိပါသည်။ ရွာချင်းဆက်လမ်း၏ လမ်းအရှည်မှာ(၆)မိုင်ခန့်ရှိပါသည်။ ရွာတွင်လမ်းနှင့်ချဉ်းကပ်လမ်းအတွက် သဲ၊ ကျောက်ဖိုးများကို ထောက်ပံ့ပေးမည့်ဆိုပါက လမ်းများကို ပြုပြင်နိုင်ပြီး ကောင်းမွန်စွာ သွားလာနိုင်မည့်ဖြစ် ကြောင့်လေ့လာတွေ့ရှိရပါသည်။

တံတားရှိရှိမှုကို လေ့လာကြည့်လျှင်ကွန်ကရစ်တံတား(၅)ခုရှိပါသည်။ တံတားများကို (၂၀၁၄)တွင်တည်ဆောက်ခဲ့ပြီး တံတား၏ အရွယ်အစားမှာ အလျား(၁၈)ပေအနံ (၅)ပေရှိပါသည်။ တစ်နှစ်ပတ်လုံး သွားလာရန် လွယ်ကူပါသည်။ ကျောင်းသူ/ကျောင်းသားများသွားလာရန် လမ်းခရီးတွင် ရေစီးသန်သော ချောင်းများရှိနေပါသဖြင့် ကွန်ကရစ်တံတား(၄)ခုထပ်မံလိုအပ်နေပါကြောင်း နှင့် လမ်းများပျက်စီးနေပါသည်။ မြစ်ကြောင်း နှင့်ပင်လယ်ရေကြောင်းများဖြင့် သွားလာနိုင်လုပ်ကိုင်ခြင်း မရှိကြောင်း လေ့လာတွေ့ရှိရပါသည်။

ကျွန်ုပ်ကျေးရွာတွင် လျှပ်စစ်မီးရရှိမှုကို လေ့လာကြည့်ရာတွင် မဟာဓာတ်အားလိုင်းသည် ကိုယ်ထူကိုယ်ထ ရရှိသွယ်တန်းထားပါကြောင်း ထရန်ထဖော်အိုး(၄၀၀)ဗို့လိုင်ကြိုး၊

မီးတိုင်း(၂၀)တိုင်လိုအပ်ပါကြောင်းနှင့် ကျေးရွာရှိ ပြည်သူလူထုများ ဆင်းရဲနွမ်းပါးမှုများပြားသောကြောင့် လျှပ်စစ်မီးရရှိမှုများ အခက်အခဲများစွာ ထင်းမီးကို သာလျှင်အသုံးပြုကြရပါသည်။ ထို့ကြောင့် သစ်တောအလွန်ပြုန်တီးသော မိုးခေါင်ရေရှားမှုများတွေ့ကြုံနေရပါကြောင့်လေ့လာတွေ့ရှိရပါသည်။

ဆက်သွယ်ရေးနှင့်သတင်းအချက်အလက်ဆိုင်ရာနည်းပညာအခြေအနေကို လေ့လာကြည့်လျှင်ကျေးရွာဖွံ့ဖြိုးရေး၊ ပညာရေး၊ ဘာသာရေး၊ကျန်းမာရေး၊ လူမှုရေးစသည့် ကိစ္စနှင့်အခြားကိစ္စရပ်များအတွက် သတင်းအချက်အလက်များကို ဖုန်းဖြင့်လည်းဆက်သွယ်အသိပေးနိုင်ကြောင်းခရီးသွားသူနှင့် မိသားစုကြားရှိသတင်းအချက်အလက်ကို လည်း ဖုန်းများနှင့် ဆက်သွယ်ခြင်းဖြင့် သိရှိရကြောင့် ကိုလည်း လေ့လာတွေ့ရှိရပါသည်။

၅။ ဖွံ့ဖြိုးရေးအတွက် အထောက်ပံ့ဖြစ်စေမည့် အခြေနေကောင်းများ၊ အဟန့်အတားနှင့် စိန်ခေါ်မှုများ

(ခ) အဟန့်အတားနှင့် စိန်ခေါ်မှု

ကျေးရွာရှိ လယ်ယာမြေများမှာ မြေဆီလွှာအသင့်အတင့်ကောင်းမွန်သည်မှ အပအခြားသယံဇာတများမထွက်ရှိပါ။ လယ်ယာမြေကို ထပ်မံတိုးချဲ့ရန် မှာ မဖြစ်နိုင်သေဖြင့် လယ်သမားများအဖို့အထွက်နှုန်းတိုးမြင့် အောင်အားစိုက်ရပေမည်။

နွေသီးနှံနှင့်စပါးများကို ဆည်သေ(၂)ခုမှ ရေသွင်းစိုက်ပျိုးနိုင်သော်လည်း ရေရှားသည့်နှစ်များတွင် အခက်အခဲရှိနေပါသည်။ တောင်သူများအနေဖြင့်ဘဏ်စုံပိုးပွား နှိမ်နှင်းရေးကျင့်သုံးရေး အထောက်အပံ့များရရှိရန်လိုအပ်သည်။ ကျေးရွာတွင် ငွေတိုးချေးသူများရှိသော်လည်း အတိုးနှုန်းမှာ မြင့်မားတတ်သည်။ ဘဏ်များမှာ ကျေးရွာအရောက်ဝန်ဆောင်မှုပေးသော စနစ်လည်းမရှိပဲ ချေးငွေလိုအပ်သော အိမ်ထောင်စုများမှာ စီးပွားရေးဘဏ်၊ ဖွံ့ဖြိုးရေးဘဏ်မှာ ငွေချေးရန် စာရွက်စာတမ်းလိုအပ်ချက်များလိုအပ်ချက်များဖြည့်စွက်ရာတွက် အခက်အခဲကြုံတွေ့ရတတ်သည်။

ကျေးရွာတွင် အိမ်တွင်မှုထုတ်ကုန်လုပ်ငန်းမရှိသဖြင့် အလုပ်အကိုင်နှင့် ဝင်ငွေပုံမှန်ရရှိရေးအတွက် အကန့်အသတ်ရှိနေပါသည်။ ဒေသတွင်လည်း အိမ်တွင်းမှုကုန်ထုတ်လုပ်ငန်းအတွက် ကုန်ကြမ်း၊ တတ်သိပညာ၊ အထိအတွေ့တို့အားနည်းပါသည်။

၆။ ပန်းတိုင်နှင့် မဟာဗျူဟာ

(က) ဖွံ့ဖြိုးရေးပန်းတိုင်

ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှအဖွဲ့နှင့်တိုင်ပင်ညှိနှိုင်းပြီးလာမည့်ငါးနှစ်တာကာလအ တွက် ကျေးရွာဖွံ့ဖြိုးရေးပန်းတိုင်များကို အောက်ပါအတိုင်း ချမှတ်ထားပါသည်။

က.၁) ကျွန်ုပ်တို့ကျေးရွာလူထုသည် ကုန်ထုတ်လုပ်မှုမြှင့်တင်ခြင်း၊ အလုပ်အကိုင်များဖန်တီးခြင်း၊ အသက်မွေးပညာသင်တန်းများရရှိခြင်းမှာတဆင့် ဝင်ငွေရှာဖွေနိုင်စွမ်းနှင့်စီးပွားရေးအနေအထားကို တိုးတက်စေမည်။

က.၂) ကျွန်ုပ်တို့ရွာလူထုသည် စာတတ်မြောက်မှုနှင့်ပိုမိုကောင်းမွန်သော ပညာရေးမှတစ်ဆင့် ကလေးငယ်များ၏ လူသားဆိုင်ရာစွမ်းဆောင်ရည်နယ်ပယ်ကို ကျယ်ဝန်လာစေရမည်။

က.၃) ကျွန်ုပ်တို့ရွာလူထုသည် သက်မွေးဝမ်းကျောင်းနှင့် စီးပွါးရေးအုပ်စုများဖွဲ့စည်းပြီး ကျေးရွာအခြေပြုအဖွဲ့အစည်းများ၏ စွမ်းဆောင်ရည်မြင့်မားလာမှုမှတဆင့် ဖွံ့ဖြိုးရေးစီမံခန့်ခွဲမှုယန္တရား တိုးတက်လာရမည်။

(ခ) အကောင်အထည်ဖော်နည်းဗျူဟာ

ကျွန်ုပ်တို့သည် အထက်တွင်ဖော်ပြထားသော ကျေးရွာဖွံ့ဖြိုးရေးပန်းတိုင်များကို ရောက်ရှိရန် အောက်ပါအကောင်အထည်ဖော်မှုများကို ဆောင်ရွက်သွားကြမည်။

ခ.၁) ကျေးရွာတွင်အရင်းအနှီးချေးငွေ၊လယ်ယာသုံးစက်ကိရိယာအသုံးပြုနိုင်ရေးနှင့် နည်းပညာအသုံးချနိုင်စွမ်းရရှိရေးတို့ကို ဆောင်ရွက်ပြီး စိုက်ပျိုးရေးနှင့် မွေးမြူရေးလုပ်ငန်းများကို တိုးချဲ့ဆောင်ရွက်သွားမည်။ အသေးစား ငွေကြေးလုပ်ငန်းနှင့် ချေးငွေများအတိုးနှုန်း သက်သာစွာဖြင့် ပိုမိုရရှိစေရန်အတွက် မြို့နယ်ရှိ ဘဏ်များ၊ ပုဂ္ဂလိကရင်းနှီးငွေရရှိနိုင်ရာ အခြားနေရာများနှင့် ချိတ်ဆက်ပေးမည်။ အရင်းအနှီးငွေများရရှိပါကာ စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းများအတွက် ခွဲဝေချထားပေးမည်။

ခ.၂) ကျွန်ုပ်တို့သည် အပ်ချုပ်၊ ဇာထိုးပန်းထိုး၊ ယိုနှင့် မုန့်လုပ်နည်း၊ ဆံပင်ညှပ်၊စက်ပြင်၊ မော်တော်ဆိုင်ကယ်ပြင်နှင့် မိုဘိုင်းဖုန်းပြင်စသော သင်တန်းများတက်ရောက်နိုင်ရန် သင့်တော်သော သင်တန်းသားများကိုတက်ရောက်နိုင်ရန် စီစဉ်ပေးမည်။ ထိုသင်တန်းများသည် သင်တန်းသူ/သားများအတွက်ကျွမ်းကျင်မှုများကို တိုးပွားရေးရရှိစေပြီး ဝင်ငွေရလုပ်ငန်းများထူထောင်တိုးချဲ့နိုင်ရန် အရင်းအနှီးလုပ်ငန်းအစီအစဉ်နှင့်ချိတ်ဆက်ပေးမည်။

ခ.၃) ကျေးရွာတွင် စာသင်ကျောင်း၏ ခြံစည်းရိုးကာရံပြီး မူကြိုကျောင်းတစ်ဆောင်ဆောက်လုပ်ခြင်းဖြင့် ကလေးငယ်များ၏ အရည်အချင်းတိုးမြင့်လာရေးအတွက် ဆောင်ရွက်မည်။ ပညာရေးဌာနနှင့်ချိတ်ဆက်ပြီး အထက်တန်းကျောင်းခွဲတွင် ဘာသာရပ်အလိုက်ကျွမ်းကျင်မှုပြည့်ဝသော ဆရာ/မခန့်ထားရရှိနိုင်ရေးတို့အတွက် ဆောင်ရွက်သွားမည်။

ခ.၄) ကျေးရွာတွင် ကျေးရွာလမ်းနှင့် ရွာချင်းဆက်လမ်းများ တိုးတက်ကောင်းမွန်ရေးအတွက် ဆောင်ရွက်သွားမည်။ကျေးရွာလူမှုအဖွဲ့အစည်းများကိုလည်း ကျေးရွာ အခြေပြုလုပ်ငန်းများကို

အကောင်အထည်ဖော်စီမံခန့်ခွဲနိုင်ရန် ခေါင်းဆောင်မှုစွမ်းရည်များပိုမိုရရှိအောင် ဆောင်ရွက်ရန် တိုက်တွန်းအားပေးဆောင်ရွက်မည်။

၇။ ကျေးရွာဖွံ့ဖြိုးတိုးတက်မှု ကိစ္စရပ်များနှင့် ဗဟိုအဆင့်မူဝါဒများ အကြား အစီအစဉ်ကျသော ချိတ်ဆက်မှုများ

အစိုးရ၏မူဝါဒနှင့် လုပ်ငန်းအစီအစဉ်တို့ကို ရင်းနှီးကျွမ်းဝင်ပြီးသော အစိုးရဌာန ဆိုင်ရာများနှင့် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ နည်းပညာအကြံပေးအဖွဲ့တို့၏ အကြံပြုချက်အရ ပြုစုဖော်ပြထားပါသည်။ ဤအဖွဲ့အစည်းများအနေဖြင့် နိုင်ငံတော်အဆင့်မှသည် ဒေသဆိုင်ရာအဆင့်၊ ထိုမှတစ်ဆင့် ကျွန်ုပ်တို့ ကျေးရွာအဆင့်ထိ ပံ့ပိုးမှုပေးနိုင်မည့်အစိုးရဌာနများနှင့် အဖွဲ့အစည်းများကို ရှာဖွေဖော်ထုတ်ပေးနိုင်ကြပါမည်။

(က) ကျေးရွာဖွံ့ဖြိုးရေးရည်မှန်းချက်ရေးဆွဲခြင်းနှင့် ပုံမှန်စိစစ်ခြင်း

ဤကျေးရွာဖွံ့ဖြိုးရေး အစီအစဉ်လုပ်ငန်းအား နည်းပညာအထောက်အပံ့များ ပံ့ပိုးပေးမှုသည် အလွန်အရေးပါပါသည်။ အနာဂါတ်တွင်လည်း ရေရှည်တည်တံ့မည့် အထောက်အပံ့များကို နိုင်ငံတော်အစိုးရထံမှ ရရှိမည်ဟု မျှော်လင့်ပါသည်။ ကျွန်တော်တို့ ကျေးရွာသားများကိုယ်တိုင် အားထုတ်လုပ်ကိုင်ရရှိခဲ့မှုများကို ပြန်လည်စိစစ်ခြင်း၊ နောက်ဆုံးအတည်ပြုထားသည့် ဖွံ့ဖြိုးရေး အစီအစဉ်များကိုလည်း သတ်မှတ်ကာလအတိုင်း ပုံမှန်စိစစ်သွားနိုင်ပါမည်။ အရေးကြီးသည့် အချက်မှာ ဦးစားပေးစီမံချက်များနှင့် ဘတ်ဂျတ်ပမာဏပါဝင်သည့် နှစ်ပါတ်လည်ဖွံ့ဖြိုးရေးစီမံချက်ပြင်ဆင်ရန်ဖြစ်သည်။

(ခ) စိုက်ပျိုးမြေများထိရောက်စွာ အသုံးချနိုင်ရေး

ကျေးရွာတွင် စပါးအပြင်၊ နေကြာ၊ မြေပဲများကိုသီးထပ်စိုက်ပျိုးကြပါသည်။ တောင်သူများအတွက်သီးနှံဖျက်ပိုးကျရောက်ခြင်းသည်။ အဓိကပြဿနာတစ်ရပ်ဖြစ်ပြီး ဖျက်ပိုးထိရောက်စွာ နှိမ်နှင်းရေးအတွက်နည်းစနစ်ရရှိရေးလိုအပ်သည်။ သီးနှံဖျက်ပိုးများသည် ပိုးသတ်ဆေးအချို့ကို ခံနိုင်စွမ်းရှိကြကာ တောင်သူများအတွက်သီးနှံပျက်စီးမှုနှင့်ဝင်ငွေလျော့နည်းမှုဖြစ်စေသည်။

(ဂ) ကျေးရွာတွင်းလမ်းနှင့် ကျေးရွာချင်းဆက်လမ်းအဆင့်မြှင့်ပြုပြင်ခြင်း

ကျွန်ုပ်တို့ကျေးရွာ၏
ငွေကြေးလက်လှမ်းမီမှုနှင့်ဘဏ်လုပ်ငန်းကိုလေ့လာလျှင်ရွာသူရွာသားများသည်
စားဝတ်နေရေးအတွက်သော်လည်းကောင်းစိုက်ပျိုးရေးအထွက်သော်လည်း လိုအပ်သော ငွေများကို
အစိုးရဘဏ်(သို့) စိုက်ပျိုးရေးဘဏ်သို့ချေးငှားကြရပါသည်။
ငွေးကြေးဝန်ဆောင်မှုပြန်လည်းပေးဆပ်ရသောကာလနှင့် အတိုးနှုန်း၊ အပေါင်ခံပစ္စည်းလိုအပ်မှု၊
ပြန်လည်း ချေးငွေရရန် အခက်အခဲများမှာ များစွာရှိပါသည်။ အချို့သော အိမ်ထောင်စုများသည်

မိတ်ဆွေနှင့်ဆွေမျိုးများထံမှ (၅)ကျပ်တိုးဖြင့်(၁၂)လအတွင်း ပေးဆပ်ရပါသည်။ မိတ်ဆွေနှင့် ဆွေမျိုးများသည်လည်း ယုံကြည်မှုဖြင့် ချေးငှားပေးကြကြောင်းတွေ့ရပါသည်။

(ဃ) ကျေးလက်အသေးစားစက်မှု လုပ်ငန်းများဆိုင်ရာ အထောက်အပံ့

ကျေးရွာတွင် အသေးစားစက်မှလုပ်ငန်းများ ဖွံ့ဖြိုးလာနိုင်မည့် အလားအလာရှိပြီး အလုပ်အကိုင်နှင့် အမြတ်အစွန်းများရရှိရန် အထူးသဖြင့် လူငယ်နှင့် အမျိုးသမီးများအတွက် အခွင့်အလမ်းရှိပါသည်။ သို့သော် လည်းကောင်း တို့တွင် လုပ်ငန်းဆိုင်ရာ စီမံအုပ်ချုပ်မှုနည်းပညာ၊ ဈေးကွက်သတင်းအချက်အလက်များလက်လှမ်မီမှုတွင် အားနည်းပါသည်။ ကျေးရွာတစ်ခုလုံး၏ အမျိုးမျိုးကွဲပြားနေသောလုပ်ငန်းများ (ကုန်ထုတ်ခြင်း၊ စက်မှု၊ လက်မှုလုပ်ငန်း) အတွက်လုပ်ငန်စီမံခန့်ခွဲရေးထောက်ပံ့ခြင်း ကို ကျေးရွာမှ အသေးစားလုပ်ငန်းများအတွက်အကျိုးဖြစ်ထွန်စေမည့် လုပ်ငန်းသစ်များယခုအခါ အဆင့်သင့်မတွေ့ရေးပါ။ နိုင်ငံတော် အစိုးရအနေဖြင့်လည်းစီးပွားရေးလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေး အထောက်အကူပြုအဖွဲ့တစ်ခုထူထောင်ပြီး မြို့နယ် အဆင်စီမံခန့်ခွဲရေးအောက်တွင် ထားရှိကာတစ်နှစ်ပတ်လုံး ဝန်ဆောင်မှုရရှိအောင် ဆောင်ရွက်ပေးရန် လိုအပ်ပါသည်။

(င) အသက်မွေးဝမ်းကျောင်းဆိုင်ရာလုပ်ငန်းများဖန်တီးပေးရေး

ကုလကျေးရွာတွင်ပညာမတတ်သောလူငယ်အချို့မှာ မိမိဘဝတိုးတက်ရာအာမခံချက်ပေးနိုင်သော လုပ်ငန်းများပေါ်တွင် အာရုံစိုက်မှုနည်းပြီး၊ ဂိမ်းကစားခြင်း၊လက်ဖက်ရည်ဆိုင်ထိုင်ခြင်းများဖြင့် အချိန်ကုန်ဆုံးနေတတ်ပါသည်။ထိုနည်းတူစွာပင်၊ လက်လုပ်လက်စားကျပန်းများမှာလည်း လုပ်ငန်းအတည်တကျမရှိဘဲ၊ ရာသီပေါ်သီးနှံများပေါ်တွင်သာကျပမ်းအဖြစ်လုပ်ကိုင်စားသောက်နေကြရသည်။ ထိုသူများအတွက် သင့်တော်သောအသက်မွေးဝမ်းကြောင်းဆိုင်ရာ အတတ်ပညာများ ရရှိအောင် ကျေးလက်ဦးစီးဌာနမှသက်ဆိုင်ရာပြင်ပအဖွဲ့များနှင့်ချိတ်ဆက်ပြီး ကူညီဆောင်ရွက်သင့် ပါ သည်။

၈။ စီမံကိန်း၊ စီမံချက်များနှင့် အကောင်အထည်ဖော်ဆောင်ရွက်မှု အချိန်ကာလ

ဗျူဟာဆိုသည်မှာ ချမှတ်ထားသော ပန်းတိုင်များကို ရောက်ရှိရန် အကောင်ထည်ဖော်မည့်နည်းလမ်းဖြစ်သည်။ နည်းလမ်းဆိုသည်မှာ မည်သည့်စီမံချက်များကို မည်သို့အကောင်ထည်ဖော်မည် ဆိုသည့်သဘောပင်ဖြစ်သည်။ ထို့ကြောင့် စီမံချက်များသည် ချမှတ်ထားသော ပန်းတိုင်များကိုရောက်ရှိရန် ငါးနှစ်တာစီမံချက်ကာလအတွင်းပါဝင်မည့် ဖွံ့ဖြိုးရေးလုပ်ငန်းအကောင်အထည်ဖော်မှု ဆိုင်ရာ အဓိကသော့ချက်များဖြစ်သည်။

(က) နှစ်ပတ်လည်ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်

ကျေးရွာလူထုကငါးနှစ်တာအတွက် စီမံကိန်းရေးဆွဲစဉ်အချိန်ကဦးစားပေးအစီအစဉ်ချ ခဲ့သောစီမံကိန်းများသည်ငါးနှစ်တာလုံးအတွက်ပြီးပြည့်စုံပြီဟုမဆိုနိုင်ပါ။ ဦးစားပေးစီမံကိန်းအချို့ကို ရှေ့ပိုင်းနှစ်များ

တွင်ဆောင်ရွက်နေစဉ်နောက်ထပ်ဦးစားပေးစီမံကိန်းအသစ်များ ပေါ်လာပါမည်။ ပုံမှန်အားဖြင့် စံနစ်တကျ ရေးဆွဲထားသောကျေးရွာဖွံ့ဖြိုးရေး အစီအစဉ်မူဘောင်သည်သဘာဝ ဘေးအန္တရာယ်ဆိုး ဆိုးဝါးဝါးမ ကျပါကပြောင်းလဲမှုသိသိသာသာမရှိနိုင်ပဲ နောက်တိုးဦးစားပေးစီမံကိန်းလုပ်ငန်းအချို့ ကိုနှစ်ပတ်လည် ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်တွင်ထည့်သွင်းခြင်းအား ဖြင့်အစဉ်သဖြင့်ငါးနှစ်တာ စီမံချက်တစ်ခု အသင့် အနေအထားတွင် ရှိနေပါမည်။

(ခ) ကဏ္ဍနှင့် ရင်းနှီးမြှုပ်နှံမှုအမျိုးအစားကို အခြေခံ၍ စီမံချက်ကို အုပ်စုခွဲခြားခြင်း

စီမံကိန်းများကိုမည်သည့်ဝန်ကြီးဌာန၊ဦးစီးဌာနနှင့်သက်ဆိုင်သည်ဟု လုပ်ငန်းကဏ္ဍ ဆိုင်ရာအရခွဲခြားခြင်း (Functional classification) နှင့်စီးပွားရေး အကျိုးဖြစ်ထွန်းမှုနှင့် အကျိုးသက် ရောက်မှုဆိုင်ရာ ရင်းနှီးမြှုပ်နှံမှုကိုအခြေခံ၍ အုပ်စုသတ်မှတ်ခြင်း (Economic classification)ဟူ၍ နှစ်မျိုး ရှိသည်။

လုပ်ငန်းကဏ္ဍကို အခြေခံ၍ စီမံကိန်းအုပ်စုသတ်မှတ်ခြင်း (Functional classification)–ဝန်ကြီးဌာနများ၊ ဦးစီးဌာနများက ယင်းတို့၏လုပ်ငန်းတာဝန်များအလိုက် ဖော်ထုတ်ထားသော လုပ်ငန်းကဏ္ဍအပိုင်းအခြားများကို သိရှိစေနိုင်သည်။

ရင်းနှီးမြှုပ်နှံမှုအမျိုးအစားကိုအခြေခံ၍ စီမံကိန်းအုပ်စုသတ်မှတ်ခြင်း (Economic classification) တွင်

- သာမန်အသုံးစရိတ်
- ငွေလုံးငွေရင်းအသုံးစရိတ်၊
- စွမ်းဆောင်ရည်မြှင့်တင်ရေးအသုံးစရိတ်
- လူသားချင်းစာနာမှုဆိုင်ရာ အထောက်အပံ့ တို့ ပါဝင်သည်။

(ဂ) ဦးစားပေးစီမံချက်များ

စီမံချက်များအလိုက် ဦးစားပေးအစီအစဉ်များကို ဇယားဖြင့်ဖော်ပြထားပါသည်။ ကျေးရွာလူထုသည် နှစ်သက်ရာအမှတ်ပေးအဆင့်ခွဲခြင်းစနစ်ဖြင့် ရွာလုံးကျွတ်အစည်းအဝေးတွင် စီမံချက်များ ဦးစားပေးအစီအစဉ်ကို ဖော်ထုတ်ထားပါသည်။ တချို့စီမံချက်များကို ရေးဆွဲရာတွင် မြို့နယ်အဆင့် ဌာနဆိုင်ရာအဖွဲ့များအစည်းများနှင့် အခြားအေဂျင်စီများထံမှ နည်းပညာ အကူအညီများ ရရှိရန်လည်း လိုအပ်ပါသည်။ ကျေးရွာဖွံ့ဖြိုးရေးအစည်းအဝေးတွင် သဘောတူသတ်မှတ်ထားသော ဦးစားပေးစီမံချက်လုပ်ငန်းများမှာ အောက်ပါအတိုင်း ဖြစ်ပါသည်။

ဦးစားပေးစိမံချက်များ

ကဏ္ဍ/ကဏ္ဍခွဲ	စိမံချက်	ရမှတ်ပေါင်း	ဦးစားပေးအဆင့်	ဖော်ပြချက်	မှတ်ချက်
ကျေးရွာအဆောက်အအုံ					
	၁။ ရေရရှိရန်	၄၁	၁၀	ဆည်များကိုခိုင်ခန့်ရန်အတွက် အထောက်အပံ့ပေးရန်ဆောင်ရွက်ပေးရန်။	ကျေးလက်ဦးစီး
ပညာရေး					
စာသင်ကျောင်း	၂။ ကလေးပျော်၍ ဘက်စုံတော်စေ သည့် ကျောင်း အဖြစ် ဖန်တီး တည် ဆောက်ခြင်း၊	၄၅	၆	–ကျောင်းဆရာများနည်းနေသည့်အတွက်ကျောင်းသားဦးေပေါင်(၁၂၄၀ဦးရှိသည့်အတွက် ဆရာ/မများရရှိရန်ဆောင်ရွက်ပေးရန်	
စိုက်ပျိုးရေး					
	၃။ စိုက်ပျိုးရေးလုပ်ငန်းများမှ ဝင်ငွေတိုးတက်ရရှိရေး	၄၉	၂	စိုက်ပျိုးရေးလိုအပ်ချက်များ မျိုးကောင်းမျိုးသန့်များနှင့်မြေဩမများကိုရရှိရန် ချိတ်ဆက်ပေးရန်ထောက်ပံ့ရန်၊	–
ကျေးရွာအဆောက်အဦး					
	၄။ ကျေးရွာအတွင်းဖွံ့ဖြိုးတိုးတက်စေရန်	၄၇ ၄၆	၄ ၅	ယင်လုံအိမ်သာရရှိရန်အုတ်၊သွပ်၊ သစ်၊ ဘိလပ်မြေဖိုများကို ထောက်ပံ့ပေးရန် -ရေကောင်းရေသန့်များရရှိရန်	

				အဝီစီတွင်းများတူးဖော်ပေးရန် (၂)တွင်း ဆောင်ရွက်ပေးရန်
လူငယ်ဖွံ့ဖြိုးရေး				
	၆။သက်မွေးဝမ်းကျောင်းနည်းပ ညာများ ပြန့်ပွါးလာရေး	၄၄	၇	လက်သမားများလိုအပ်ချက်မှာ စက်ပစ္စည်းများနှင့်လိုအပ်ချက်များရရှိရန် ထောက်ပံ့ပေးရန် -အမျိုးသမီးတို့သည် အိမ်တွင်းမူလုပ်ငန်းများအမျိုးသမီးများဝင်ငွေရရှိရန် ဆောင်ရွက်ပေးရန်ထောက်ပံ့ရန်။
လျှပ်စစ်				–
	၇။ မဟာဓာတ်အားလိုင်ဖြင့် မီးလင်းစေရေး	၁၀	၁	ထရန်စဖော်အိုး (၂၀၀၀ မီးတိုင် (၂၀၀)တိုင် (၄၀၀)ပိုလိုင်းကြိုး
မွေးမြူရေး				
	၈။ မွေးမြူရေးလုပ်ငန်းများမှ ဝင်ငွေတိုးတက်ရရှိရေး	၄၂	၉	မွေးမြူရေးအတွက်လိုအပ်ချက်မှာ တိရစ္ဆာန်များကာကွယ်နိုင်ရန်ဆေးသင်တန်းများအထောက်အပံ့မျ ားဆောင်ရွက်ပေးရန်

(ဃ) အကောင်အထည်ဖော်မည့် အချိန်ကာလ

အောက်ပါဇယားတွင် လုပ်ငန်းစတင်ရန်၊ ပြီးဆုံးရန် ခန့်မှန်းဖော်ပြထားသည့်ဦးစားပေးစီမံချက်များ၏ အချိန်ဇယားကို ဖော်ပြထားပါသည်။ ဤအစီအစဉ်ကို နှစ်အလိုက် လိုအပ်သလို ဖြည့်စွက်ပြင်ဆင်ပြီး နှစ်ပတ်လည်ကျေးရွာဖွံ့ဖြိုးရေး စီမံချက်ရေးဆွဲရာတွင်လည်း ထည့်သွင်းပေးမည်။

စီမံချက်	အဆင့်	၂၀၁၇	၂၀၁၈	၂၀၁၉	၂၀၂၀	၂၀၂၁
၁။ ထရန်စဖော်အိုး(၂၀၀၀ မီးတိုင်(၂၀)တိုင် (၄၀၀)ပို့လိုင်းကြိုး	၁					
၂။ စိုက်ပျိုးရေးလိုအပ်ချက်များမျိုးကောင်းမျိုးသန့် များနှင့် မြေဩဇာများကိုရရှိရန် ချိတ်ဆက်ပေးရန် ထောက်ပံ့ပေးရန်။	၂					
၃။ မြေလမ်းကို ကျောက်ခြောလမ်းရရှိရန် ဆောင်ရွက်ပေးရန်ထောက်ပံ့ပေးရန်	၃					
၄။ ယင်လှုအိမ်သာရရှိရန် အုတ်သွပ် ဘိလပ်မြေဖိုများကို ထောက်ပံ့ပေးရန်	၄					
၅။ ရေကောင်းရေသန့်များရရှိရန် အဝီစီတွင်းများတူးဖော်ပေးရန် (၂)တွင်းဆောင်ရွက်ပေးရန်	၅					
